# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၂)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၆ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဥ့်ပါအခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများနှင့် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားလာမှုကဏ္ဍနှင့်အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ **စာမျက်နှာ ၅ ကော်လံ ၁ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

စာ - ၆ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၆ ရက်)

# နိုင်ငံ့ကောင်းကျိုး ပိုမိုသယ်ပိုးဆောင်ရွက်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ် အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကိုအလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင်ပြစ်ဒဏ်ကျခံ နေရသည့် အကျဉ်းသား/အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၊ အမိန့်အမှတ် (၅/၂၀၂၆)ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသည့်ပြစ်ဒဏ်၏ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

ထို့ပြင် အမိန့်အမှတ်(၆/၂၀၂၆)ဖြင့် အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ်(၇/၂၀၂၆)ဖြင့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၀ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ်(၈/၂၀၂၆)ဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းများကိုဆောင်ရွက်ပေးခဲ့သည်။ ထို့အတူ အမိန့်အမှတ်(၉/၂၀၂၆)ဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က)ဖြင့် ကြားနာဆဲ အမှုများကိုလည်းပိတ်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတော်ကထုတ်ပြန်ကြေညာခဲ့သောအမိန့်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင်ရှိသည့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား/ အကျဉ်းသူများအနေဖြင့် လွတ်ငြိမ်းသက်သာခွင့်များရရှိခဲ့သည့်အတွက် စိတ်နှလုံးချမ်းသာ ဝမ်းမြောက်ကြရသလို ၎င်းတို့၏မိသားစုများနှင့် ဆွေမျိုးသားချင်းမိတ်ဆွေအပေါင်းအသင်းများအားလုံး အနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ခဲ့ကြသည့်မြင်ကွင်းများကို ပြည်သူများမြင်တွေ့ ကြရပြီးဖြစ်သည်။

နိုင်ငံတော်ယာယီသမ္မတအနေဖြင့် အဆိုပါနေ့ထူးနေ့မြတ်အခါသမယတွင် ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန်ရှေးရှုသောအားဖြင့်လည်းကောင်း ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေ အရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ် လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ် ချမှတ်ခံရသူများ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့သည်။

ဤကဲ့သို့ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့်တရားရုံးကြားနာစစ်ဆေးဆဲအမှု များကိုပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်အမိန့်များထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက် အကူဖြစ်စေမည်ဖြစ်သည်။ နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ပေးရာ ရောက်စေပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်လာစေမည့် လုပ်ဆောင် ချက်များပင်ဖြစ်သည်။

မကြာမီကာလတွင် အစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံး၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် စွမ်းဆောင်ကြိုးပမ်းကြမည်ဖြစ်သည်။ အခြေအနေအရပ်ရပ်ကြောင့် ပြစ်ဒဏ်ကျခံပြီး လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြသူများ၊ မိသားစုများအနေဖြင့်လည်း မိမိတို့၏အနာဂတ်ဘဝလှပကောင်းမွန်ရေးကို အလေးထား စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့၏မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုစီးပွားဘဝနယ်ပယ်တွင် အေးချမ်းစွာလူမှုစီးပွားအခွင့်အရေးများရရှိကြပြီဖြစ်သည်။ **"တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာ"** ဆိုစကားကဲ့သို့ နိုင်ငံတော်၏မေတ္တာနှင့်စေတနာထားရှိမှုများကို ပြန်လည်တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကောင်းမွန်ဆုံးပါဝင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မှန်ကန်ကောင်းမွန်သောအတွေးအခေါ်အယူအဆယုံကြည်ချက်များဖြင့် နိုင်ငံ့ ကောင်းကျိုးပိုမိုသယ်ပိုးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည် ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါး ကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေး နှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက် ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာ၌ အသိပညာဗဟုသုတတိုးပွားစေရေး အလင်းသစ်စာကြည့်တိုက်ဖွင့်လှစ်

မိုးညှင်း မတ် ၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေး မတ်လ ၄ ရက်က အလင်းသစ်စာကြည့်တိုက်ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ခိုင်ကို၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးသန်းတို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသည့် သက်ဆိုင်ရာခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်စာစောင်များဝယ်ယူရန် ငွေကျပ်သုံးသိန်း ပံ့ပိုးပေးအပ်ရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လက်ခံရယူပြီးနောက် အလင်းသစ်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါစာကြည့်တိုက်သည် သွပ်မိုး၊ နံကပ်၊ မြေစိုက်တစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူများ၏ လှူဒါန်းငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ရွှေမိုးညှင်း

## ကားဈေးကွက်အတွင်း ကားအရောင်းအဝယ်ပြန်သွက်လာ

ရန်ကုန် မတ် ၅

တရုတ်နှစ်သစ်ကူးအပါအဝင် ရုံးပိတ်ရက်ရှည်များအပြီး၌ ကားအရောင်းအဝယ်များပြန်သွက်လာကြောင်း ရန်ကုန်မြို့ရှိ ကားအရောင်းအဝယ်ဈေးကွက်မှ သိရသည်။

"တရုတ်နှစ်သစ်ကူးပိတ်ရက်အပြီး ကား Showroom တွေပြန်ဖွင့်တဲ့အခါ ကားအသစ်မှာယူမှုများလာပြီး အရောင်းအဝယ်တွေ ပြန်သွက်လာတယ်" ဟု ကား Showroom တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိကား Showroom များ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် မော်တော်ယာဉ်အရောင်းအဝယ်သွက်လာပြီး ဘဏ်လုပ်ငန်းများအားလုံး ပုံမှန်အတိုင်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

ကားအရောင်းအဝယ် ပြန်လိုက်လာသည့်အချိန်ဖြစ်၍ စရန်ငွေပေးချေခြင်းနှင့် ငွေအကြေပေးချေမှုများအတွက် ဘဏ်မှ ငွေသားထုတ်ယူမှုများ လတ်တလောရှိလာကြောင်း သိရသည်။

" ဘဏ်မှာ ငွေသားထုတ်ယူမှုကို လုပ်ငန်းလိုအပ်ချက်ကြောင့်မဟုတ်ဘဲ စိုးရိမ်စိတ်ကြောင့် ငွေတွေကို အလောတကြီး ထုတ်ယူမယ်ဆိုရင်တော့ မိမိတို့ရပိုင်ခွင့်ရှိတဲ့ အတိုးဝင်ငွေတွေပဲ ဆုံးရှုံးပါလိမ့်မယ်" ဟု ပုဂ္ဂလိကဘဏ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ ကားဈေးကွက်အတွင်း၌ လုပ်ငန်းသုံး Pickup ကားများ၊ EV မော်တော်ယာဉ်များ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဖြူဖြူ

## ချောက်မြို့နယ်၌ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနများ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

ချောက် မတ် ၅

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ်အတွင်းရှိ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့်စာစစ်ဌာနများ မီးဘေးလုံခြုံရေး မတ်လ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်ဦးဆောင်၍ မြို့နယ်ပညာရေးမှူး ဦးသန်းမြိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးကော်မတီမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တာဝန်ရှိသူများပူးပေါင်းအဖွဲ့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ကျောင်းဆောင်များ၊ စာဖြေခန်းများနှင့် ကျောင်းပတ်ဝန်းကျင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လှည့်လည်စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိမှုအခြေအနေ၊ လျှပ်စစ်မီးကြိုးများသွယ်တန်းအသုံးပြုမှု၊ အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ပတ်ဝန်းကျင်မှ မီးကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အမှိုက်များ ရှင်းလင်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ချောက်ခရိုင် ချောက်မြို့နယ်၌ စာစစ်ဌာနသုံးခုရှိပြီး အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ၄၄၈ ဦး၊ ငွေချိုစာစစ်ဌာနတွင် ၃၁၂ ဦး၊ စလေစာစစ်ဌာနတွင် ၂၄၂ ဦး စုစုပေါင်း ၁၀၀၂ ဦး ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

# ကျုံပျော်မြို့နယ်၌ ကောက်ရိုးမှိုများဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေ



ကျုံပျော် မတ် ၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ကောက်ရိုးမှိုများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ မတ်လပထမပတ်မှစတင်ပြီး ဒေသထွက်ကောက်ရိုးမှိုများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ပိဿာ ၁၅၀၀ မှ ၂၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ကောက်ရိုးမှိုတွေက အရည်အသွေးကောင်းသလို ပိုးမွှားအန္တရာယ်လည်း ကင်းရှင်းတယ်။ အခုလို အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရတယ်။ ဒီနှစ်မှိုဈေးကောင်းရတာက မနှစ်ကထက် စိုက်သူနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် တခြားဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာပါ" ဟု ဒေါ်နီနီဝင်းကပြောသည်။

ကျုံပျော်မြို့နယ်၌ ဒေသခံတောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် ယှဉ်တွဲပြီး ကောက်ရိုးမှိုအပါအဝင် တခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

သုတကျော်



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ညီလင်းညို'

'ဟင် မမစု'

'ကျေနပ်ပြီလား ညီလင်းညို'

'ဘာ ဘာကိုလဲ'

'ဩော် ကိုကျော်ထွန်းညိုနဲ့သက်သက်တို့အဆင်ပြေသွားကြပြီ မဟုတ်လား၊ စုရဲ့ပြုစားချက်က လွတ်သွားပြီလေ'

မျက်နှာအထားရခက်သွားသော ညီလင်းညိုကို စုလှိုင်သည် ခပ်စူးစူးလေးကြည့်နေသည်။ ထို့နောက် မသဲမကွဲလေးပြုံးလိုက်ကာ ကားလေးကို ဘီးလိုမ့်ရုံလေးမောင်းပြီး ရေစပ်ဘက်သို့ချိုးကွေ့လိုက်သည်။ စရည်းပန်းပင်ကြီး၏အောက်တွင် သူ့ကားလေးရပ်သွားသည်။ ညီလင်းဘက်သို့ တစ်ချက်မျှလှည့်မကြည့်ဘဲ ဂယက်ထနေသော ရေပြင်နီကို ငေးကြည့်နေသည်။

ညီလင်းသည် လမ်းပေါ်တွင်တစ်ဦးတည်း ငိုင်တွေတွေရပ်ရင်း ကျန်ခဲ့လေသည်။ မလှမ်းမကမ်းတွင်မြင်နေရသော ကဝေမလေးဆီသို့ လိုက်သွားရကောင်းနိုး၊ သူ့ကို လျစ်လျူရှုလိုက်ကာ ကိုယ့်လမ်းကိုယ်ပင် ဆက်သွားရကောင်းနိုးဖြင့် ရင်ထဲတွင်ဗလောင်ဆူလာသည်။ "ဘေးကင်းချင်ရင်၊ ကိုယ့်လမ်းကိုယ်ဆက်သွား ညီလင်းညို"ဟု သူ့ဦးနှောက်က သတိပေးနေသော်လည်း သူ့ခြေထောက်များက ဆည်းဆာရောင်အောက်မှ မိန်းမချောလေးဆီသို့ ဦးတည်နေလေသည်။ သူ့ခြေထောက်များကသာ မဟုတ်၊ တစ်ကိုယ်လုံးက သူ့ဦးနှောက်ကို ဆန့်ကျင်နေကြလေသည်။

'မမစု ကျွန်တော့်ကို မကျေနပ်ဘူးလား'

ညီလင်းသည် ကားပြတင်းပေါက်တွင်လက်ထောက်ရင်း စုလှိုင်ကို ကုန်း၍ကြည့်ကာ ခပ်တိုးတိုးမေးမိလေသည်။ စုလှိုင်သည် ဘာမျှပြန်မပြောဘဲ ညီလင်းကို မျက်လွှာပင့်၍ကြည့်သည်။

'ဟုတ်လား မမစု၊ ကျွန်တော့်ကိုမကျေနပ်ဘူးပေါ့'

'ဘာ မကျေနပ်စရာရှိလဲကွယ်'

စုလှိုင်က ပင့်သက်လေးရှိုက်ကာပြောသည်။ ညီလင်းမျှော်လင့်ထားသော လှောင်ပြုံးသရော်ပြုံးများကိုမတွေ့ရချေ။ စုလှိုင်၏မျက်နှာလေးသည် အခိုက်အတန့်အားဖြင့် နူးညံ့ဖြူစင်နေလေသည်။ အခိုက်အတန့်လေးသာဖြစ်သည်။ နူးညံ့သောမျက်နှာလေးကို ခဏလေးသာတွေ့လိုက်ရသည်။ ညီလင်းကြည့်နေမိစဉ်ပင် အေးစက်မာကျောသောအလွှာပါးလေးက စုလှိုင်၏မျက်နှာကို ပြန်လည်ဖုံးအုပ်သွားလေသည်။

'ညီလင်း ကားထဲလာထိုင်ချင်ရင် ထိုင်ပါလား'

'ထိုင်တော့ ထိုင်ချင်တယ်၊ ဒါပေမဲ့'

'ဒါပေမဲ့ အပြုစားခံရမှာ ကြောက်တယ်လား'

'စုက စုန်းကဝေဖြစ်ဦးတော့ ညီလင်းညိုကို ပြုစားလို့မရဘူးလို့ ပြောထားဖူးတယ်မဟုတ်လား၊ ကိုယ့်စကားကိုယ် မေ့သွားပြီလားဟင်'

နေမင်းကြီးသည် လုံးဝငုပ်လျှိုးသွားချေပြီ။ ကြွင်းကျန်ရစ်သော အလျှံအဝါများကသာ ရေပြင်ကို နီရောင်ပြေးနေစေလေသည်။

ညီလင်း စုလှိုင်ဘေးသို့ဝင်ထိုင်လိုက်သောအခါ သင်းပျံ့သောရေမွှေးနံ့လေးကို ရှူရှိုက်ရသည်။ နှလုံးသားက တသိမ့်သိမ့်ခုန်လာသော်လည်း 'အားပါး၊ တယ်မွှေးပါလား'ဟု ကပြက်ကချော်ပြုံး၍ပြောလိုက်လေသည်။

**"ညီလင်းသည် သူ့ကိုယ်သူ ဘာလုပ်မိသည်ဟု သတိမထားမိခင်မှာပင် စုလှိုင်ကို သိမ်းဖက်လိုက်မိသည်။ ညို့အားကောင်းလှသော အလှနတ်သမီးလေးကို တရှိုက်မတ်မတ်နမ်းလိုက်မိပြီးသောအခါမှ ကိုယ့်ဟာကိုယ် လုပ်မိသောအလုပ်ကို သတိထားမိတော့သည်။ သို့သော် ပွေ့ဖက်ထားသော သူ့လက်များကို ဖြေလျှော့ရန် လုံးဝမတတ်နိုင်ခဲ့ပေ. . ."**

စုလှိုင်သည် ညီလင်းကိုလှည့်၍ပင်မကြည့်ဘဲ ဂယက်ထနေသော ရေပြင်နီနီကိုသာငေးပြီးကြည့်နေသည်။ အေးစက်စက်မျက်လွှာ၏ အောက်ဘက်တွင် ဆွေးမြည့်ကြေကွဲနေဟန်ရှိသောအရိပ်အယောင်လေးကို မြင်လိုက်ရသည်ဟု ညီလင်းထင်လိုက်မိသည်။

'မမစု စိတ်ညစ်နေလား'

'စိတ်ညစ်လား မညစ်လားတော့မသိဘူး၊ နေရတာတော့ မပျော်ဘူး'

'ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ် အစစအရာရာပြည့်စုံနေတဲ့ မမစုလို မိန်းကလေးမျိုးက မပျော်ဘူးတဲ့လား'

'ဩော် ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်တဲ့လား၊ အစစအရာရာ ပြည့်စုံတဲ့ မိန်းကလေးတဲ့လား'

စုလှိုင်က လှောင်သံလေးဖြင့် ထပ်ဆင့်ရေရွတ်နေသည်။ ထို့နောက် ကားရှေ့အံဆွဲဖွင့်ပြီး စီးကရက်ဘူးကို ထုတ်ယူသည်။ ကိုယ်တိုင်လည်း စီးကရက်တစ်လိပ်နှိုက်ယူကာ ညီလင်းကို စီးကရက်ဘူး ကမ်းပေးလိုက်သည်။

စုလှိုင်စီးကရက်ဖွာနေပုံကိုကြည့်ရင်း ညီလင်းအံ့ဩသွားလေသည်။ ညီလင်းသည် အရွယ်ရောက်ပြီး ယောကျ်ားလေးဖြစ်သော်လည်း ဖေဖေ့ရှေ့တွင် စီးကရက်သောက်ရဲသူမဟုတ်ချေ။ ကွယ်ရာတွင်သာ တစ်လိပ်စ၊ နှစ်လိပ်စ ခိုးပြီးဖွာရှိုက်ရလေသည်။

'မှောင်လာပြီ မမစု'

'မှောင်တော့ ဘာဖြစ်လဲ'

'ဩော်၊ ကောင်းပွဲမလားလို့'

'ဟာ ဟာ၊ နာတယ်ထင်ရင် ကိုယ့်ဟာကိုယ်ပြန်သွားပေါ့ ညီလင်းညိုရယ်'

မှောင်ရီပိုးတဝါးတွင် စုလှိုင်၏အကြည့်က ရီဝေနေသည်။ ညီလင်း၏ နှလုံးသားလေးသည် တဒိတ်ဒိတ်နှင့် လျင်မြန်စွာခုန်ပေါက်နေသည်။ အရက်မသောက်ရ၊ ဆေးခြောက်မရှူရဘဲနှင့် ရီဝေတိမ်းမူးလာသည်။

'ကျွန်တော်မူးလာတယ် မမစု'

'အရက်သောက်ထားလို့လား'

'ဟင့်အင်း အလှသောက်နေလို့'

ညီလင်းသည် သူ့ကိုယ်သူ ဘာလုပ်မိသည်ဟု သတိမထားမိခင်မှာပင် စုလှိုင်ကို သိမ်းဖက်လိုက်မိသည်။ ညို့အားကောင်းလှသော အလှနတ်သမီးလေးကို တရှိုက်မတ်မတ်နမ်းလိုက်မိပြီးသောအခါမှ ကိုယ့်ဟာကိုယ် လုပ်မိသောအလုပ်ကို သတိထားမိတော့သည်။ သို့သော် ပွေ့ဖက်ထားသော သူ့လက်များကို ဖြေလျှော့ရန် လုံးဝမတတ်နိုင်ခဲ့ပေ။

'အပြုစားမခံဘူးဆို'

စုလှိုင်က တိုးတိုးလေးမေးလေသည်။ ခန္ဓာကိုယ်လေးက အတန်ငယ်တောင့်တင်းနေသော်လည်း လုံးဝရုန်းကန်ခြင်းမရှိပေ။ ညီလင်းသည် ဘာမျှပြန်မပြောဘဲ သူ့ကိုထပ်၍နမ်းလေသည်။

'ညီလင်းညို စုကို ချစ်နေလားဟင်'

'ဟင့်အင်း မချစ်သေးဘူးလို့ ထင်တာဘဲ'

'ဒါဆို ဘာလို့ဖက်တာလဲ၊ ဘာလို့နမ်းတာလဲ'

'စုက လှတာကိုး'

'ဒီလိုဆို အပြုစားမခံရသေးဘူးပေါ့'

'မခံရသေးပါဘူး'

သူ့တစ်ကိုယ်လုံးတွင် လှည့်ပတ်နေသောသွေးများသည် ဆူဝေလာသည်ကို ညီလင်းညိုခံစားရသည်။ တစ်ကိုယ်လုံးပူထူပြီး ကတုန်ကယင်ဖြစ်လာသည်။

'စုရော ကျွန်တော့်ကိုချစ်နေလား'

'ဟင့်အင်း မချစ်ဘူးလို့ထင်တာပဲ'

'မိန်းမတွေဟာ ချစ်ဖို့အတွက် လူဖြစ်လာတာတဲ့'

'စုကတော့ မုန်းဖို့အတွက် လူလာဖြစ်တာပါကွယ်'

'ဒီလိုဆို မုန်းတယ်ပေါ့'

'အင်း'

စုလှိုင်သည် မုန်းသည်ဟုပြောပြီး ညီလင်းကိုမကြည့်ဘဲ မျက်စိမှိတ်ထားလေသည်။ ထို့နောက် ရုတ်တရက် မျက်ရည်များစီးကျလာကာ မသဲမကွဲလေး ရှိုက်လိုက်သည်။

စုလှိုင်၏ရှိုက်သံကိုကြားရသောအခါ ရီဝေတိမ်းမူးနေသော ညီလင်းသည် အမူးပျောက်သွားသည်။ ပွက်ပွက်ဆူလာသောသွေးများသည်လည်း အတန်ငယ်အေးသွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဟိုပုံးမြို့နယ်၌ သောက်သုံးရေအဖြစ်အသုံးပြုလျက်ရှိသည့် သဘာဝရေထွက်များ ထိန်းသိမ်းကာကွယ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

ဟိုပုံး မတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဒေသခံပြည်သူများ သောက်သုံးရေအဖြစ်အသုံးပြုလျက်ရှိသည့် လုံခုတ်ကျေးရွာအုပ်စု ရေထွက်ကြီး(ပါပန့်)ရေထွက်၊ တိလုံကျေးရွာအုပ်စု ပန်ယခုံကျေးရွာ ထီဆင်းရေထွက်နှင့် တောင်ရပ်ကွက်ရှိ မြို့ဦးရေထွက်တို့တွင် သဘာဝရေထွက်များထိန်းသိမ်းကာကွယ်နိုင်ရေး မတ်လ ၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သဘာဝရေထွက်တော၊ ရေထိန်းတောအပါအဝင် ပတ်ဝန်းကျင်ရှိ ရေထွက်ခြင်းကို အထောက်အပံ့ပြုနေသော သစ်တော၊ သစ်ပင်များနှင့် ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ သီးနှံစိုက်ပျိုးမြေများ တိုးချဲ့ခြင်း၊ လူနေအိမ်အဆောက်အအုံများ တိုးချဲ့ခြင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် သဘာဝရေအရင်းအမြစ်များ ယုတ်လျော့ခြင်း၊ ပျက်စီးခြင်းမှကာကွယ်ရန်၊ သတ္တဝါတို့၏ အနာဂတ်အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အရေးကြီးဆုံးသော သဘာဝရေအရင်းအမြစ်များ ထိန်းသိမ်းပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ်ရေရှားပါးမှုပြဿနာမှ ကြိုတင်ကာကွယ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က သဘာဝရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးနှင့် စနစ်တကျထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် သဘာဝရေထွက်တော၊ ရေထိန်းတောဧရိယာ၊ အမာခံနယ်မြေနှင့် ကြားခံနယ်မြေဧရိယာသတ်မှတ်ခြင်း၊ တည်နေရာပြမြေပုံများ၊ ဥပဒေပါတားမြစ်ချက်ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

## အုတ်တွင်းမြို့နယ် ခင်တန်းကျေးရွာ၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး

အုတ်တွင်း မတ် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မတ်လ ၄ ရက်က ခင်တန်းကျေးရွာရှိ ဘဝအဖော်မွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက စာပေဖတ်ရှုခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ စာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး

★ ရှေ့ဖုံးမှအဆက်

နီကာရာဂွါနိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြားလက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို နယ်ပယ် ပေါင်းစုံတွင်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲ ကျင်းပချိန်တွင် မြန်မာနိုင်ငံဆိုင်ရာနီကာ ရာဂွါနိုင်ငံ သံအမတ်ကြီးအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ လာရောက်လေ့လာခဲ့မှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပ ပြုလုပ်ချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါရွေးကောက်ပွဲနှင့် ပတ်သက်၍ကြီးမားသည့်ကန့်ကွက်မှုများမရှိ ခြင်းကြောင့် အောင်မြင်သည့် ရွေးကောက် ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေ များ၊ မကြာမီကာလအတွင်း လွှတ်တော် ကျင်းပ ဆောင်ရွက်သွားမည့် အခြေအနေ များနှင့် မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခု ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

မည့်အခြေအနေများနှင့်ပတ်သက်၍ရင်းရင်း နှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံ ဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ် ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ သို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန် ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၁၀) နှစ်ပြည့် နှစ်ပတ်လည် နေ့ကို ဂုဏ်ပြုသောအထိမ်းအမှတ်ဓာတ်ပုံ ပြပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင် နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများက မဲခေါင်-လန်ချန်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။

ထို့နောက် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည် တော်များသည် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်း များဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှုသည် ၂၀၂၆ ခုနှစ်တွင် ဆယ်စု နှစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိပြီ ဖြစ်သည့်အတွက် ယခုနှစ်သည် မိမိတို့ဒေသ အတွက်အရေးပါသည့် နှစ်တစ်နှစ်ဖြစ် ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု၏ အခြေခံမူများနှင့် ငြိမ်းချမ်း၍ သာယာဝပြောပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်သော အပြန်အလှန်မျှဝေသည့် အနာဂတ်အသိုက်အဝန်းတစ်ခု တည် ဆောက်ရေးမျှော်မှန်းချက်ကို ထပ်လောင်း အတည်ပြုကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့် ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အကောင်အထည် ဖော်မှုမှတစ်ဆင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးနှင့်ဒေသတွင်းပေါင်းစည်းရေးအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တွင် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ ကြောင်း၊ သို့ဖြစ်ရာ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မဲခေါင် အဖွဲ့ဝင်နိုင်ငံများအတွက် အကူအညီများ ဆက်လက်ပေးအပ်နေသည့် တရုတ်နိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြား သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အထိမ်း အမှတ် မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည် နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ သာသနာရေးနှင့်ယဉ် ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က သာယာငြိမ့်ညောင်း တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်း ဆွေနှင့် တရုတ်သံအမတ်ကြီး မစ္စမာကျား တို့က မဲခေါင်-လန်ချန်းအဖွဲ့ဝင်နိုင်ငံသံရုံး များမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အနုပညာ အဖွဲ့အား ဂုဏ်ပြုချီးမြှင့်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည် တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင် ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုယန္တရား တစ်ခုဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအဆောက်အအုံသစ်ဖွင့်လှစ်

**ကော့သောင်း မတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း ခရိုင် ကော့သောင်းမြို့၌ ကော့သောင်း ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ ၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို တနင်္သာရီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတ ရေးရာဝန်ကြီး ဦးခင်မောင်မြင့်နှင့် တိုင်း ရင်းသားရေးရာဝန်ကြီး ဦးစောမာတင် လူသာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆန်းဦးနှင့် ကော့သောင်းခရိုင် စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက တာဝန်ရှိသူများ အား အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်း အမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်၍ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသ ကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် များဖြင့် ပက်ဖျန်းကြပြီး အဆောက်အအုံ သစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံတို့အကြား ရှည်လျားခိုင်မာသည့် သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူဆောင်ရွက်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။

# ဟိုပုံးမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ နွေရာသီ အင်္ဂလိပ်စာသင်တန်း(အခမဲ့) ဖွင့်လှစ်

ဟိုပုံး မတ် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ အင်္ဂလိပ်စာကိုအခြေခံမှစ၍ အလွယ်တကူ သင်ကြားတတ်မြောက်စေရန်၊ အင်္ဂလိပ်စာ အရည်အသွေးများမြင့်မားတိုးတက်စေရန် ရည်ရွယ်၍ နွေရာသီအင်္ဂလိပ်စာသင်တန်း (အခမဲ့)ကိုလူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နွေရာသီ အင်္ဂလိပ်စာသင်တန်း(အခမဲ့) သင်တန်းတွင် Speaking၊ Listening၊ Reading၊ Writing၊ Thinking၊ Spelling၊ Translating၊ Pronunciation(8 Skills) ဘာသာရပ်များ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနည်းပြအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အခြေခံပညာကျောင်းများမှ အလယ်တန်းဆင့်(Grade–5၊ Grade–7၊ Grade–8) ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ပြီး သင်တန်းကို မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)




## ပေါင်းတည်မြို့နယ်၌ ကျေးလက်ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

ပေါင်းတည် မတ် ၅

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပေါက်တန်း(အလယ်စု)ကျေးရွာ၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၄ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့်တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကွန်ကရစ်လမ်းသည် အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေနှင့်ထု ၆ လက်မရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ VDP စီမံကိန်းရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရွှေသား(IPRD)

## ကလိန်အောင်မြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများဆောင်ရွက်

ကလိန်အောင် မတ် ၅

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ် (၁) ရပ်ကွက်ရှိ ကျေးလက်ကျန်းမာရေးဌာန၌ မွေးကင်းစမှအသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မတ်လ ၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဆရာမ ဒေါ်ခင်သူဇာငြိမ်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ကလေးငယ်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း၊ စာရင်းရေးသွင်းခြင်းတို့ကိုဆောင်ရွက်ပေးပြီး မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များကို ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဝက်သက်-ဂျိုက်သိုး စသည့်ကာကွယ်ဆေးများကို အသက်အရွယ်အလိုက် သတ်မှတ်အကြိမ်အတိုင်း ထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေးတိုက်ကျွေးခြင်းနှင့် ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ထိုးနှံပေးကြောင်းသိရသည်။ (၄၁၂)

MWD Education, Knowledge & Sports Channel

၆-၃-၂၀၂၆(သောကြာနေ့)

၁။ ၁၀:၀၀ - ၁၁:၀၀ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသိကောင်းစရာများ (ရူပဗေဒဘာသာရပ်)
၂။ ၂၀:၀၀ - ၂၁:၃၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းကြယ်နှင့်အတူ အပိုင်း(၁၃)၊(၁၄)

## မိတ္ထီလာမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြသ

မိတ္ထီလာ မတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စပါးမျိုးစေ့ချကိရိယာဖြင့် နွေစပါး (ရေဆင်းပေါ်ဆန်း-၂)စိုက်ပျိုးခြင်းသရုပ်ပြပွဲကို မတ်လ ၅ ရက် နံနက်ပိုင်းတွင် မြာကျေးရွာအုပ်စု ရေဝေကျေးရွာ ကွင်းအမှတ် ၁၀၇၅ ရှိ တောင်သူ ဦးအောင်မောင်၏ စိုက်ကေနှစ်ဧကတွင် ကျင်းပသည်။



သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း ဒေသခံတောင်သူများ စပါးမျိုးစေ့ချကိရိယာကို တွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အားရှားပါးမှုပြဿနာဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများကို စိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်းကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စပါးမျိုးစေ့ချကိရိယာဖြင့် နွေစပါး(ရေဆင်းပေါ်ဆန်း-၂)ကိုစိုက်ပျိုးရာ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။

မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နွေစပါးစိုက်ပျိုးဧက ၁၀၉၀ စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

(၆၀၂)



## အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

နတ်မောက် မတ် ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် ကွန်ပျူတာနည်းပညာရပ်များ တတ်မြောက်စေရန်ရည်ရွယ်၍ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲကို မတ်လ ၄ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူလူငယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုရန် အိုင်စီတီနည်းပညာများဖြင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ခေတ်မီနည်းပညာရပ်များကိုအသုံးချပြီး မိမိတို့၏ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ ကျောင်းပိတ်ရက်များတွင်အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန် ရည်ရွယ်ချက်များဖြင့် သင်တန်းများဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကွန်ပျူတာအခြေခံစနစ်များ၊ စာစီစာရိုက်နည်းပညာများ၊ Internet နှင့် Email အသုံးပြုနည်းများ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးအား တာဝန်ရှိသူများက ရက်သတ္တလေးပတ်ကြာသင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

လှဝင်း

## ဖူးစားပြောင်းသီးနှံ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီး

ကျွန်းလှ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဖူးစားပြောင်းသီးနှံ ၁၃၃၈ ဧက စိုက်ပျိုးပြီးစီးကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၃၈ ဧကစိုက်ပျိုးပြီးစီးကြောင်း သိရသည်။

"ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင်အသိပညာပေးတာတွေကိုဆောင်ရွက်ပေးနေတယ်၊ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၃-၂၀၂၆(သောကြာနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၃။ ၁၂:၁၅ လေးစားအတုယူစံနမူနာသူရဲကောင်းများ
၄။ ၁၃:၂၀ အမှတ်တရနေ့ရက်များ
၅။ ၁၄:၃၅ ပန်းပေါင်းစုံစွာအနုပညာ
၆။ ၁၆:၅၀ တစ်ပတ်အတွင်းစာပေနှင့်အနုပညာသတင်း
၇။ ၁၇:၄၅ ဆွေမျိုးပေါက်ဖော်မှသည် ရသအစုံစုံဗဟုသုတအဖုံဖုံ
၈။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၉။ ၁၉:၀၀ **(၈၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၉)**
**သရုပ်ဆောင် ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ**
**ဒါရိုက်တာ-အကယ်ဒမီတင်အောင်စိုး(ပန်းမြို့တော်)**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

"သူငယ်နာအတက်ရောဂါဖြစ်ရတဲ့အကြောင်းရင်းတွေ အများကြီးရှိပါတယ်။ သွေးတက်၊ လေတက်၊ အကြောတက်ဆိုတာရှိပါတယ်။ အနောက်တိုင်းဆေးပညာအရတော့ ဦးနှောက်မှာအကျိတ်ရှိလို့တက်တာပါ။ အာရုံကြောကြောင့်တက်တာအပြင် အာဟာရဓာတ်၊ သတ္တုဓာတ်တစ်မျိုးမျိုးချို့ယွင်းရင် တက်တတ်ပါတယ်။ ပေးရတဲ့ဆေးအမျိုးမျိုးရှိတာကြောင့် အထူးကုဆရာဝန် ဒါမှမဟုတ် တိုင်းရင်းဆေးဆရာကြီးတွေနဲ့ ပြသသင့်ပါတယ် . . ."

**ကလေးဝမ်းခဏခဏသွားပြီး တင်ပါးနှစ်ဖက်မှာ အပူလောင်ရင် ဘာလိမ်းရမလဲဆရာ။**

ပျားရည်နဲ့အုန်းဆီရောလိမ်းပါ။

**ကလေးအိပ်ပျော်နေရင်း ဆတ်ခနဲ ဆတ်ခနဲလှုပ်တာ ဘာကြောင့်ပါလဲဆရာ။**

အစာမကြေတဲ့လက္ခဏာပါ။ အစာကို တစ်ကြိမ်တည်းအများကြီးမကျွေးပါနဲ့။ ကြေလွယ်တဲ့အစာကျွေးပါ။ ပူပူနွေးနွေးကျွေးပါ။ အေးစက်တဲ့အစာတွေ မကျွေးပါနဲ့။

**ခုနစ်နှစ်အရွယ်ကလေး ဝမ်းကိုက်ပြီး ဗိုက်နာနေတာ ဘာလုပ်ရမလဲဆရာ။**

ကြက်သွန်ဖြူနဲ့ ထန်းလျက်ရောကြော်ပြီး နှမ်းဆီစိမ်ကျွေးပါ။

**ကလေးခေါင်းချွေးထွက်တာများရင် ဘာလုပ်ရမလဲဆရာ။**

အထက်ကို အပူပြန်လို့ပါ။ ကလေးရဲ့ခြေဖဝါးကို ရေဖတ်တိုက်ပြီး ဆားနုနုနဲ့ပွတ်ပေးပါ။ ခြေဖဝါးကနေ အပူငွေ့တွေထွက်လာတာတွေ့ရပါလိမ့်မယ်။ ခြေဖဝါးက အခိုးထွက်ရင် ခေါင်းချွေးထွက်တာ သက်သာပါလိမ့်မယ်။

**ကလေးသွားပိုးစားတာ ဘာလုပ်ရမလဲဆရာ။**

တမာရွက်ကိုပြာချပြီး သွားအခြေမှာ သိပ်ပေးပါ။

**ကလေးဦးခေါင်းမှာ အနာဖုကြီးထွက်ပြီး မပေါက်ဘဲ ရောင်နေတာ ဘယ်လိုလုပ်ရမလဲဆရာ။**

ကုံကုမံရွက်ကိုမီးကင်ကပ်ပေးပါ။ အနာပြည်ပေါက်စေပါတယ်။

**ခေါင်းမှာ ဒက်တွေပေါက်နေတာ ဘာဆေးလိမ်းရမလဲဆရာ။**

ရဲယိုသီးအမှည့်ရဲ့အနှစ်ကို ဦးခေါင်းမှာ ပွတ်လိမ်းပေးပြီး ခေါင်းလျှော်ပေးပါ။ ဒက်ပျောက်ပါတယ်။

**အတက်ရောဂါက ကလေးတွေမှာ ဘာကြောင့်ဖြစ်တာပါလဲ။ ဆေးရှိပါသလားဆရာ။**

သူငယ်နာအတက်ရောဂါဖြစ်ရတဲ့အကြောင်းရင်းတွေ အများကြီးရှိပါတယ်။ သွေးတက်၊ လေတက်၊ အကြောတက်ဆိုတာရှိပါတယ်။ အနောက်တိုင်းဆေးပညာအရတော့ ဦးနှောက်မှာအကျိတ်ရှိလို့တက်တာပါ။ အာရုံကြောကြောင့်တက်တာအပြင် အာဟာရဓာတ်၊ သတ္တုဓာတ်တစ်မျိုးမျိုးချို့ယွင်းရင် တက်တတ်ပါတယ်၊ ပေးရတဲ့ဆေးအမျိုးမျိုးရှိတာကြောင့်အထူးကုဆရာဝန် ဒါမှမဟုတ် တိုင်းရင်းဆေးဆရာကြီးတွေနဲ့ ပြသသင့်ပါတယ်။

**ဆီးအောင့်နေရင် ဘာဆေးသောက်ရမလဲဆရာ။**

ဆီးအောင့်ရင် ဆန်ဆေးရည်သောက်ပါ။ သံပရာသီးတစ်လုံးကိုအရည်ညှစ်ပြီး ဆန်ဆေးရည်တစ်ဖန်ခွက်နဲ့ ရောသောက်ပါ။

**ကလေးဆီးအောင့်ပြီး ဆီးတစက်စက်သွားနေရင် ဘာလုပ်ရမလဲဆရာ။**

ကျားမနိုင်နွယ်မြစ်ကိုသွေးပြီး ဆီးခုံမှာလိမ်းပေးပါ။

**အသံဝင်ရင် ဘာလုပ်ရမလဲဆရာ။**

ပြည်ပန်းညိုရွက်ကို ဟင်းချိုချက်သောက်ပါ။

**လျှာစပ်နေရင် ဘာလုပ်ရမလဲဆရာ။**

ပျားရည်လျက်ပေးပါ။

**လည်ချောင်းနာပြီး အစားမစားနိုင်ရင် ဘာလုပ်ရမလဲဆရာ။**

ထမင်းရည်ပူပူကို ဆားခတ်သောက်ပါ။

**ကြတ်ဟင်းခါးသီးကို မခါးအောင် ဘယ်လိုချက်ရမလဲဆရာ။ ခါးရင်လေထတတ်လို့ပါ။**

ကြက်ဟင်းခါးသီးတစ်လုံးရဲ့ ထိပ်နှစ်ဖက်ကိုလှီးပြီး ဆားပွတ်ပါ။ ခဏထားပြီးမှ အကွင်းလိုက်လှီးပါ။ ပြီးရင် ရေစိမ်ထားပြီး နာရီဝက်ကြာမှချက်ပါ။ အခါးဟူသမျှ လေဓာတ်ကြွသည်။ မခါးရင် လေမထိုး၊ သွေးမတိုးပါ။

**ခြေစွယ်ခဏခဏငုပ်ရင် ဘာလုပ်ရမလဲဆရာ။**

ခြေစွယ်ငုပ်တဲ့နေရာကို အုန်းဆီ မကြာမကြာထည့်ပေးပါ။

**ဖနောင့်နာတာ ဘာလုပ်ရမလဲဆရာ။**

ဖနောင့်နာတာအတွက် ဆားနင်းပေးပါ။

**မျက်စိစွေတာ ဘာလုပ်ရမလဲဆရာ။**

မျက်စိကို အထက်အောက်၊ ဝဲယာ စက်ဝိုင်းပတ်ကြည့်တဲ့ လေ့ကျင့်ခန်းလုပ်ပေးပါ။ နာရီလက်တံသွားတဲ့အတိုင်း လေ့ကျင့်ပေးပါ။

**လူကြီးတွေ အစားမဝင်၊ စားသောက်လို့မကောင်းရင် ဘာကျွေးရမလဲဆရာ။**

ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ခေါက်ကျွေးပါ။ ငါးဖယ်အောင်းငါးပိကောင်ကို မီးကင်ပြီး ဆီဆမ်းကျွေးပါ။

**ဆံပင်ကျွတ်ရင် ဘာလုပ်ရမလဲဆရာ။**

ဆန်ဆေးရည်နဲ့ခေါင်းလျှော်ပါ။ ညအိပ်ရာဝင်ရင် ဒူးအထက်ကနေအောက်ကို ရေလောင်းပြီးခြေဆေးပါ။ ငယ်ထိပ်ကို အုန်းဆီလိမ်းအိပ်ပါ။

**ကလေးအကြောမသန်ရင် ဘာကျွေးရမလဲဆရာ။**

ဖီးကြမ်းငှက်ပျောသီးကို မီးဖုတ်ကျွေးပါ။ ပဲနီလေးဟင်းချိုချက်တိုက်ပါ။

**လက်စွယ်ငုပ်ရင် ဘယ်လိုလုပ်ရမလဲဆရာ။**

သံပရာသီးကို အပေါက်ဖောက်၊ ခဏစွပ်ထားပြီး လက်စွယ်ကို ဆွဲနုတ်လိုက်ပါ။

**အိပ်ရေးပျက်ပြီး ခေါင်းကိုက်ရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ချင်းတက်ပါးပါးလှီးပြီး နားထင်နှစ်ဖက်မှာကပ်ထားပါ။

**မျက်စိထောင့်တွေနီရဲနေရင် ဘာလုပ်ရမလဲဆရာ။**

မန်ကျည်းခေါက်နဲ့ ဆားအနည်းငယ်ရောသွေးပြီး မျက်စိကွင်းပါ။

**ရတ်တရက်လေထိုးလေအောင့်ရင် ဘာလုပ်ရမလဲဆရာ။**

စားဆော်ဒါ ဟင်းစားဇွန်းတစ်ဇွန်းကို ရေအေးနဲ့ သောက်ပါ။

**ဝမ်းချုပ်ပြီး စမြင်းခံနေရင် ဘယ်လိုလုပ်ရမလဲဆရာ။**

မန်ကျည်းဖျော်ရည်တစ်ဖန်ခွက်မှာ ဆားခါးဟင်းစားဇွန်းနှစ်ဇွန်းထည့်ဖျော်သောက်ပါ။

**မွေးကင်းစကလေး ချက်စူရင် ဘာလုပ်ရမလဲဆရာ။**

နနွင်းနဲ့ အုန်းဆီရောလိမ်းပါ။

**မွေးကင်းစကလေး ချတ်တိုင်နီပြီး အနာမကျက်ရင် ဘာလုပ်ရမလဲဆရာ။**

ကလေးချက်တိုင်ကို ပျားရည်တို့ပေးပါ။

**ကလေးနို့စို့ပြီး ကြို့ထိုးရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ကလေးရင်ညွန့်ချိုင့်ခွက်လေးကို အုန်းဆီလိမ်းပေးပါ။

**ကလေးရေသောက်ပြီးသီးရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ကလေးငယ်ထိပ်ကို ပါးစပ်နဲ့မှုတ်ပေးပါ။

**နို့စို့ကလေး ဝမ်းအရည်သွားရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ကလေးအမေကို ရေနွေးကြမ်းအဖန်ရည်မှာ သကြားထည့်တိုက်ပါ။

**ကလေးကြက်ညှာချောင်းဆိုးတာ ညဘက်မအိပ်ရအောင်ဆိုးရင် ဘာလုပ်ရမလဲဆရာ။**

ကွမ်းရွက်ကို ကန်တော့ပုံလုပ်ပြီး ဆားထည့်ထုပ်ပါ။ သွားကြားထိုးတံနဲ့ မပွင့်အောင်ထိုးပြီး သံပြားပေါ်တင် မီးဖုတ်ပြာချပါ။ အဲဒီကွမ်းရွက်ပြာဆားကို သံပရာရည်နဲ့ဖျော်လျက်ခိုင်းပါ။ လျှာပွတ်ပေးပါ။

**ငါးနှစ်ကလေး ဆီးခဏခဏသွားနေလို့ ဘယ်လိုလုပ်ရမလဲဆရာ။**

ထန်းသီးဆန်အနုကျွေးပါ။ မန်ကျည်းစေ့ကို သွေးပြီး ဆီးခုံမှာ လိမ်းပေးပါ။

**ကလေးလေနဲ့ဝမ်းမကွဲဖြစ်နေလို့ ဘယ်လိုလုပ်ရမလဲဆရာ။**

ကြက်သွန်နီဥကြီးကို မီးအုံးပြီးကျွေးပါ။

**ကလေးအူကျရင် ဘာလုပ်ရမလဲဆရာ။**

အူကျတဲ့နေရာကို ရေခဲကပ်ပေးပါ။ ကျားမနိုင်နွယ်မြစ်သွေးလိမ်းပါ။

**ကလေးမျက်ဝတ်ထွက်တာများရင် ဘယ်လိုလုပ်ရမလဲဆရာ။**

အဝတ်ဖြူစ၊ ပိတ်စအနုကို ဆားရည်စိမ်ပြီး မျက်ဝတ်တွေကိုပွတ်ပေးပါ။

**ကလေးကြာဆူးထွက်ရင် ဘာလိမ်းရမလဲဆရာ။**

သံပရာရည်နဲ့ သနပ်ခါးရောသွေးလိမ်းပါ။

**ကလေးလျှာမှာ မှက္ခရုပေါက်ရင် ဘာလိမ်းရမလဲဆရာ။**

ပရဆေးဆိုင်မှာ လက်ချားဝယ်ပြီး သံပြားပေါ်တင်မီးဖောက်ပါ။ လက်ချားမီးဖောက်အမှုန့်ကို ညက်အောင်ကြိတ်ပြီး ကလေးလျှာမှာပွတ်ပေးပါ။

**ကလေးဝက်သက်ပေါက်ရင် ဘာလုပ်ရမလဲဆရာ။**

မိုးနံ့ပင်အရွက်ကို အရည်ညှစ်တိုက်ပါ။ မိုးနံ့ရွက်ဟင်းချိုချက်တိုက်ပါ။ မိုးနံ့ရွက်ပြုတ်ရည်နဲ့ ရေချိုးပါ။

**ကလေးကျောကော့ငိုရင် ဘာလုပ်ရမလဲဆရာ။**

ကလေးဝမ်းဗိုက်ကို မုန်ညင်းဆီကို မီးနဲ့အပူပေးပြီးပြီး လိမ်းပေးပါ။

**ကလေးတက်ရင် ဘာလုပ်ရမလဲဆရာ။**

ကလေးခြေဖဝါးနှစ်ဖက်ကို မုန်ညင်းဆီလိမ်းပြီး နှိပ်ပေးပါ။

**ကလေးတစ်နှစ်သား မထိုင်သေးရင် ဘာလုပ်ရမလဲဆရာ။**

ကလေးကျောရိုးမှာ မုန်ညင်းဆီလိမ်းပြီး ကွမ်းရွက်ကပ်ပေးပါ။ မှောက်ပြီး ခြေထောက်တံကောက်ကွေးနှစ်ဖက်ကို ကွေးဆန့်ပေးပါ။

**ကလေးသွားရည်ကျတာများနေရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ကွမ်းသီးခြမ်းကိုသွေးပြီး မေးအောက်မှာလိမ်းပါ။ လျှာကိုလည်း အနည်းငယ်ပွတ်ပေးပါ။

**ကလေးနို့ဖြတ်ချင်ရင် ဘယ်လိုလုပ်ရမလဲဆရာ။**

ပရဆေးဆိုင်ကနေ မုတ်ခါးအခဲဝယ်ပါ။ သွေးပြီး နို့သီးခေါင်းထိပ်မှာလိမ်းပေးပါ။

ကြည်လွင်မြင့်(မုဒြာ)

# ဒဂုံ(တောင်ပိုင်း)မြို့နယ်၌ လူငယ်များဖွံ့ဖြိုးတိုးတက်ရေး အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်



ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်များဖွံ့ဖြိုးတိုးတက်ရေး အခြေခံပန်းချီသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းကို မတ်လ ၄ ရက်ကဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များကို ပြောကြားပြီး (၁၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှမင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ကြရန်နှင့် ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပေးသော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာ ဦးသက်ဝေမောင်က သင်တန်းသားများအား အခြေခံပန်းချီပညာသင်ကြားခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကိုပြောကြားပြီး အင်္ဂလိပ်စာသင်တန်းနည်းပြဆရာမ ဒေါ်ခိုင်ဇာလွင်က အတန်းလိုက်သင်ကြားပေးမည့် သင်ခန်းစာခေါင်းစဉ်များနှင့် သင်တန်းစည်းကမ်းများကို ပြောကြားသည်။

ထို့နောက် သင်တန်းတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများအား အမှတ်(၁၈) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှမင်းက ပုံဆွဲစာအုပ်နှင့်စာရေးကိရိယာများပေးအပ်သည်။ အဆိုပါသင်တန်းကို မတ်လ ၃ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ**
**အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်လှိုင် | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

၃။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်ဦးကို အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၆ ခုနှစ် မတ်လ ၄ ရက်တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါတိုင်းတာမှတ် (၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

## စစ်သားကြီးဖေဖေ

❀ ပြည်သူ့အပေါ် ချစ်သဒ္ဒါလောင်း
စစ်သည်ကောင်း ကျွန်မဖေဖေ။
တာဝန်ကျေ နိုင်ငံအကျိုး
သယ်ပိုးသူပေ။
အတွေးနဲ့ စိတ်ကိုစေ
အတိတ်ကိုလေ မျှော်ရည်မှန်း။
ငယ်ရွယ်စဉ် ကလေးဘဝ
တွေးဆလို့တမ်း။

❀ စစ်တပ်နေ အိမ်လိုင်းခန်း
မြို့အောင်ပန်း တည်ရှိရှာ။
ဝန်တင်ခေါ် အမြောက်တပ်လေး
အေးချမ်းသာယာ။
လူထောင်ချီအားနဲ့ တည်ထောင်လာ
ချစ်ကြည်စွာ အတူတကွ။
နေထိုင်သူ မိသားစုတိုင်း
ရိုင်းပင်းကူကြ။

❀ တစ်နိုင်တစ်ပိုင် မေမေကလည်း
စွမ်းသမျှ သီးနှံပင်။
အိမ်အနောက်ဝယ် စိုက်ကာပျိုး
မျိုးပေါင်းစုံလင်။
စားသောက်လို့ ပိုလျှံလျှင်
စည်းကာသင် ရောင်းချပေး။
ခြံခတ်ကာ ကြက်ဝက်များလည်း
တိုးပွားနေသေး။

❀ တောင်တန်းပြာပြာ မြို့ကလေး
အလွန်အေးလို့ နေချင်စဖွယ်။
သီးနှံတွေ အလွန်ပေါတဲ့
မောတို့ပြည်နယ်။
မိသားစုနဲ့ တာဝန်ရယ်
အဟုတ်တကယ် ဖေဖေမအား။
မဖောက်အစဉ် အစစ်လှစွာဖြင့်
အမြောက်ပြင် စနစ်ကျတာမို့
(ဖေဖေ့ကိုလေ....)
ချစ်ကြသူများ။ ။

**အောင်ပန်းသူ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီသုံးစွဲမှုဖူလုံမှုရှိစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ရန်ကုန်  မတ်  ၅**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီဝင်ရောက်မှုအခြေအနေများ၊ ဖြန့်ဖြူးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဒေသရှိ Max Terminal သို့ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာများ၊ စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိချုပ် ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ယာယီဥက္ကဋ္ဌ ဦးမြို့မြင့်ဆွေနှင့် တာဝန်ရှိသူများ၊ သီလဝါဆိပ်ကမ်းဒေသရှိ Terminal များမှ တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်သုံးဆီများအား လုံလောက်မှုရှိစွာ ပေးဝေရန်၊ ဆီဆိုင်များအားမှန်ကန်စွာခွဲဝေရောင်းချရန်နှင့် ဆီဆိုင်များတွင် စက်သုံးဆီများကို ပုံမှန်ရောင်းချနေသည့်အတိုင်း သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချရန် ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိချုပ်က စက်သုံးဆီဖူလုံမှုနှင့် Purchase Order ခွဲဝေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း ယာယီဥက္ကဋ္ဌက စက်သုံးဆီများ Tanker များဖြင့် တင်သွင်းမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တက်ရောက်လာကြသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဒေသရှိ Max Terminal၊ Apex Gas and Oil Great Petroleum Terminal နှင့် MYAT MIATTAR MON PETROL Terminal များရှိ ဆီဖြည့်ပွိုင့်များတွင် စက်သုံးဆီတင်ယာဉ်များကို ဆီဖြည့်ပေးနေမှုနှင့် စက်သုံးဆီဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မုဒုံမြို့နယ်ရှိ Puma Power International Port Terminal ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**မုဒုံ  မတ်  ၅**

မွန်ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှုမဖြစ်ပေါ်စေရေးနှင့် အများပြည်သူများ စိုးရိမ်ကြောင့်ကြမှုမဖြစ်ပေါ်စေရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာရှိ Puma Power International Port Terminal ဆိပ်ကမ်းသို့ သွားရောက်၍ ပြည်နယ်အတွင်း လစဉ်အသုံးပြုရန် လိုအပ်သောစက်သုံးဆီများ ပြည်ပ(ပင်လယ်ရေကြောင်း)မှ တင်သွင်းဖြန့်ဖြူးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်သုံးဆီများအား ပြည်ပ(ပင်လယ်ရေကြောင်း) ဆီတင်သင်္ဘောကြီးများမှ စက်သုံးဆီလှောင်ကန်များသို့ ဆီဖြည့်သွင်းနေမှု၊ စက်သုံးဆီများအား စက်သုံးဆီအရောင်းဆိုင်များသို့ သယ်ဆောင်ပေးပို့ဖြန့်ဖြူးနိုင်ရေးဆိပ်ကမ်းရှိ ဆီလှောင်ကန်များမှတစ်ဆင့် ဆီသယ်မော်တော်ယာဉ်များသို့စက်သုံးဆီများတင်ယူပို့ဆောင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် စက်သုံးဆီများကို စက်သုံးဆီဆိုင်များသို့ အဆင်ပြေချောမွေ့စွာ၊ မြန်ဆန်စွာရောက်ရှိစေရေး အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ဆိပ်ကမ်းရှိ ရှင်းလင်းဆောင်၌ မွန်ပြည်နယ်စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီလုပ်ငန်းများ၏ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဆိပ်ကမ်းတာဝန်ခံက မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စက်သုံးဆီများအား ပြည်ပ(ပင်လယ်ရေကြောင်း)မှ တင်သွင်းဖြန့်ဖြူးဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သောစက်သုံးဆီများ အမြဲမပြတ်ဝယ်ယူနိုင်ရေးကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး စက်သုံးဆီအရောင်းဆိုင်များကလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချပေးရန်၊ စက်သုံးဆီများ မြေပြင်တွင် မှန်မှန်ကန်ကန်ရောင်းချနေမှု ရှိ/ မရှိ တရားမဝင်စက်သုံးဆီများ ရောင်းချမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဘာသာ၊ သာသနာနှင့်လူမှုရေးလုပ်ငန်းအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီကဏ္ဍကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးကြရန်နှင့် စက်သုံးဆီများကို နိုင်ငံတော်မှသတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်း ရောင်းကြရန်မှာကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အတွင်း စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချနေမှုအခြေအနေကို ရှင်းလင်းပြောကြားကာ စက်သုံးဆီလုပ်ငန်းများမှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကိုတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီရောင်းချမှုအခြေအနေများကို စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးလျက်ရှိ



**နေပြည်တော်  မတ်  ၅**

စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီဖူလုံမှုရှိစေရေးအစီအမံဖြင့် ဆောင်ရွက်ထားရှိသည့်အတွက် ရက် ၄၀ ခန့်စာ တင်သွင်းသိုလှောင်ထားရှိပြီး စက်သုံးဆီများကို သီလဝါမှ နိုင်ငံတစ်ဝန်းသို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်မြို့ သီလဝါရှိ Terminal များမှ စက်သုံးဆီများကို ပုံမှန်ခွင့်ပြုထုတ်ပေးလျက်ရှိပြီး ရောင်းအားမြင့်တက်သည့် အရောင်းဆိုင်များကိုလည်း Urgent Po များကိုလည်း ထပ်မံခွင့်ပြုထုတ်ပေးလျက်ရှိပါသဖြင့် စက်သုံးဆီပုံမှန်ရောင်းချပေးနိုင်ကြောင်း၊ မလိုအပ်ဘဲဝယ်ယူခြင်း မပြုရန် မေတ္တာရပ်ခံကြောင်း၊ စက်သုံးဆီရောင်းချပေးခြင်းမရှိပါက ဖုန်းဖြင့်ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် ရောင်းချမှုမရှိကြောင်းစိစစ်တွေ့ရှိရပါက အရောင်းဆိုင်ကို ပိတ်သိမ်းအရေးယူသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက မိဘပြည်သူများသို့ စက်သုံးဆီအရောင်းဆိုင်များတွင် နှိုးဆော်အသိပေးဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကဦးဆောင်၍ နေပြည်တော်ရှိ Real Time စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီအမှန်တကယ်ရောက်ရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီထပ်မံဖြည့်ဆည်းပေးရန်လိုအပ်သည့် စက်သုံးဆီအရောင်းဆိုင်များကိုလည်း အမြန်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ ကြီးကြပ်စစ်ဆေးရေးအရာရှိများကလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင်များ အမှန်တကယ်ရောင်းချမှု ရှိ/မရှိ၊ စက်သုံးဆီရောက်ရှိမှု ရှိ/မရှိတို့ကို စက်သုံးဆီလက်ကျန်များ တိုင်းတာစစ်ဆေးခြင်း၊ Auto Tank Gauge (ATG)များကို စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကာ စက်သုံးဆီများ အချိန်မီထုတ်ယူသယ်ဆောင်ရောင်းချနိုင်ရေးနှင့် စက်သုံးဆီပြတ်လပ်မှုမရှိစေရေးအတွက် ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြဝတီ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၅

လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို အပိုင်း ၃ ပိုင်းဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုကိုယ်စားပြုရွေးချယ်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပရန် လွှတ်တော်အလိုက် ရက်သတ်မှတ်ခေါ်ယူပေးခဲ့ပြီးဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်များသို့ ရောက်ရှိသတင်းပို့ရမည့်ရက်များကို သတ်မှတ်ထုတ်ပြန်ကြေညာပြီးဖြစ်သည့်အတွက် မကြာမီရောက်ရှိကြတော့မည်ဖြစ်ကြောင်း။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာချိန်တွင် သတ်မှတ်နေရာများသို့ အသွား/ အပြန် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာ ရုံး၊ ဌာနအဖွဲ့အစည်းများနှင့်ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိရန်၊ တည်းခိုနေထိုင်မည့် အဆောင်များ ရေ၊ မီး၊ မိလ္လာ၊ အခန်းတွင်းပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ရက်အမီ အဆင်သင့်ပြင်ဆင်ထားရှိရန်နှင့် လွှတ်တော်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်ရုံးများက ရှင်းလင်းတင်ပြနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

လွှတ်တော်ဝင်းလုံခြုံရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးအရ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်သွားရန်၊ တတိယအကြိမ် လွှတ်တော်အသီးသီး၏ပထမပုံမှန်အစည်းအဝေးတွင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးအသီးသီးနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွှတ်တော်အစည်းအဝေးများတွင်အသုံးပြုမည့်ရုပ်/သံရိုက်ကူးရေးဆိုင်ရာ စနစ်များနှင့် စက်ပိုင်းဆိုင်ရာစနစ်များ ကောင်းမွန်မှုရှိစေရန် အမြဲစမ်းသပ်လေ့ကျင့်ခြင်းများကိုဆောင်ရွက်ကြရန်၊ လွှတ်တော်အဆောက်အဦ ပြင်ဆင်သည့်လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

မကြာမီကျင်းပမည့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းမီဒီယာများအနေဖြင့် လွှတ်တော်တွင်း သတင်းရယူရေးနှင့်စပ်လျဉ်းသည့်သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးတာဝန်ယူ၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်နှင့် Media Corner များ စနစ်တကျထားရှိရန် လိုအပ်ကြောင်းနှင့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုတင်ပြ ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ အချိန်မီတက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက်တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့သွားရောက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ e – Voting System မဲပေးစက်များ ပြင်ဆင်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်းခိုနေထိုင်မည့် စည်ပင်ဧည့်ရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးတို့အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီလက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan နှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အလားအလာရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ အရှေ့အလယ်ပိုင်းဒေသတွင်း လက်ရှိအခြေအနေနှင့် နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နီကာရာဂွါသံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများ အပြန်အလှန်ဖွင့်လှစ်နိုင်ရေးအပါအဝင် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ခရီးသွား၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့်အခြေအနေများနှင့် နိုင်ငံတကာမျက်နှာစာတွင်ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# “(၃၇)ကြိမ်မြောက် သစ်တော၊ သတ္တဝါနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ”ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်



နေပြည်တော် မတ် ၅

(၃၇) ကြိမ်မြောက် သစ်တော၊ သတ္တဝါနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ ရေဆင်း၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပညာရေးနှင့် သုတေသနဖွံ့ဖြိုးရေးသည်အရေးကြီးသော အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်သစ်တော၊ သတ္တဝါနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကဏ္ဍသုံးရပ်ပူးပေါင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက်အကျိုးရှိသည့်သုတေသနရလဒ်ကောင်းများစွာ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းနှင့် သုတေသီများအနေဖြင့်ဌာနနှင့် နိုင်ငံအတွက် လက်တွေ့အကျိုးရှိစေမည့် အသုံးချသုတေသနရလဒ်များ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်းပိုစတာများအား လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာစာတမ်းရှင်များက သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး သစ်တောကဏ္ဍ၊ သတ္တဝါကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ စာတမ်းပေါင်း ၂၇ စောင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

“Rights. Justice. Action. For ALL Women and Girls.”

“တရားမျှတမှုနဲ့ အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေး”

၂၀၂၆ ခုနှစ်၊ မတ်လ (၈)ရက်

# ရန်ကုန်မြို့ အိန္ဒိယစင်တာ၌ ဟိန္ဒူပုဂ္ဂါရီများ အထူးသင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖေါင်ဒေးရှင်း(ဗဟို)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘုန်းတော်ကြီးများအဖွဲ့ချုပ်(ဗဟို)တို့ ပူးပေါင်းကျင်းပသည့် ဟိန္ဒူပုဂ္ဂါရီများ အထူးသင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ(အောက်လမ်း)ရှိ အိန္ဒိယစင်တာ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur၊ အိန္ဒိယနိုင်ငံမှ ဆရာတော် Dr. P.H.D စန်မူဂွန်စီဝါချာရီယာနှင့် တာဝန်ရှိသူများက မင်္ဂလာဆီမီးတိုင် ထွန်းညှိပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘုန်းတော်ကြီးများအဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဆရာတော် Dr. P.H.D စန်မူဂွန်စီဝါချာရီယာတို့က သြဝါဒစကားပြောကြားကာ ဟိန္ဒူဘာသာရေး(ဗဟို)အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖေါင်ဒေးရှင်းအသင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်း၊ သနန္တ ဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်ဥက္ကဋ္ဌ သီရိပုံချီ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ ဆရာတော် Dr. P.H.D စန်မူဂွန်စီဝါ ချာရီယာနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘုန်းတော်ကြီးများအဖွဲ့ချုပ်(ဗဟို) အတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီလ ၅ ရက်မှ မတ်လ ၅ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၅၀ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ



# မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း စီမံကိန်းမိတ်ဆက်အခမ်းအနား ကျင်းပ




နေပြည်တော် မတ် ၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅) အထောက်အပံ့ဖြင့် “မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့်အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း” စီမံကိန်း မိတ်ဆက်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation – MLC) သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် အောင်မြင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အထူးရန်ပုံငွေစီမံကိန်းများသည်လည်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုသည့် စီမံကိန်းများဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် “မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း” စီမံကိန်းတွင် မြန်မာနိုင်ငံ အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်းနှင့် တရုတ်နိုင်ငံ ဟိုင်နမ်ဒေသရှိ စိုက်ပျိုးမြေဆီလွှာများ၏ အရည်အသွေးနှင့်မြေအမျိုးအစားများကို စစ်ဆေးအကဲဖြတ်မည်ဖြစ်ပြီး ရရှိလာသော အချက်အလက်များကို စနစ်တကျပြုစုမှတ်တမ်းတင်အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်း/ပြည်ပ ပညာရှင်များအကြား သိပ္ပံပညာ/နည်းပညာများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က အမှာစကားပြောကြားသည်။

ယင်းနောက် မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း စီမံကိန်းဆိုင်ရာများကိုလည်းကောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နမ်ဒေသရှိ အပူပိုင်းသီးနှံဆိုင်ရာ မြေဆီလွှာစီမံခန့်ခွဲမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသော သုတေသနပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၅

ယနေ့ ည ၈ နာရီ ၁၈ မိနစ် ၄၅ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မတူပီမြို့၏ အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ်၂၁ ဒသမ ၇၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၇၇ ဒီဂရီ၊ အနက် ၅၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# အမှိုက်ကစ မီးမလောင်ရေး အားလုံးပါဝင်ပူးပေါင်းပေး

ထက်ဝေအောင်(စစ်ကိုင်း)

**နွေ**ဥတုမှမဟုတ် ရာသီမရွေးမီးလောင်မှုဖြစ်ပွားနိုင်ပေသည်။ နွေဥတုသည် ပူပြင်းခြောက်သွေ့ခြင်းကြောင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှု ပိုမိုသတိပြုရန်တိုက်တွန်းခြင်းဖြစ်သည်။ မီးဘေးအန္တရာယ်သည် လူအများဂရုစိုက်မှုနည်းပါးခြင်းကြောင့် ကြီးထွားလာသောပြဿနာတစ်ရပ်ဖြစ်သည်။ မထင်မှတ်သည့်အချိန် မထင်မှတ်သည့်နေရာတွင် လောင်ကျွမ်းနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ပေါ့ဆခြင်း၊ သတိမမူခြင်းများကြောင့် မီးဘေးအန္တရာယ်ကြုံတွေ့ကြရသည်။ လူ့သမိုင်းတစ်လျှောက်တွင် မီးသည်အသုံးဝင်အရေးပါဆုံးဖြစ်ခဲ့သည်။ မီးသည် လူသားတို့၏လူနေမှုဘဝပုံစံကို ပြောင်းလဲပေးနိုင်စွမ်းရှိခဲ့သည်။ သို့သော် မီးသည်သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင် ကြီးစွာသောဘေးအန္တရာယ်တစ်ခုသာဖြစ်သည်။

မီးဘေးရှောင်မလောင်ခင်တားလိုလျှင် မီးသတိပြုဆိုသောသတိပေးစာတန်းပါအချက်အတိုင်း လေးစားလိုက်နာရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော မီးဘေးများကိုလေ့လာကြည့်ပါက ပေါ့ဆမီးကြောင့်အဖြစ်များသည်ကိုတွေ့ရသည်။ မီးကြွင်းမီးကျန်မှတစ်ဆင့်လောင်ကျွမ်းခြင်း၊ လောင်စာဆီများ စည်းကမ်းတကျမထားသိုခြင်းကြောင့် လောင်ကျွမ်းခြင်း၊ လျှပ်စစ်မီးပေါ့ဆစွာသုံးစွဲခြင်းကြောင့်လောင်ကျွမ်းခြင်း၊ ကလေးများမီးနှင့်ကစားသောကြောင့် လောင်ကျွမ်းခြင်းနှင့် လမ်းသွားလမ်းလာများ ဆေးလိပ်မီးကိုစည်းကမ်းမဲ့လွှင့်ပစ်ခြင်းများကြောင့် လောင်ကျွမ်းမှုဖြစ်စဉ်များဖြစ်ပွားရကြောင်း လေ့လာတွေ့ရှိရသည်။

မီးဘေးအန္တရာယ်ဖြစ်ပွားခြင်းကိုလေ့လာကြည့်ပါက သဘာဝကြောင့်ဖြစ်ရသောမီး၊ လူတို့ပေါ့ဆသောမီးအဖြစ် အပိုင်းနှစ်ပိုင်းတွေ့ရသည်။ ရာသီဥတုပူပြင်းခြင်း၊ မီးလောင်လွယ်သော အမှိုက်သရိုက်များ လွယ်လင့်တကူစွန့်ပစ်ခြင်း၊ စည်းကမ်းမဲ့သူများ ပေါ့ဆမီး၊ လျှပ်စစ်မီးအလွန်အကျွံသုံးစွဲခြင်း၊ အိမ်တွင်းလောင်စာနှင့်မီးလောင်လွယ်သည့်ပစ္စည်းများထားရှိခြင်းတို့ကြောင့် မီးလောင်မှုဖြစ်စဉ်များ မကြာခဏဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုဖြစ်စဉ်သည် မီးလောင်ရန်အဓိကအချက်များဖြစ်သည့် အောက်ဆီဂျင်၊ လောင်စာနှင့်အပူရှိန်များမှတစ်ဆင့် အပူနှင့်အလင်းထွက်ပေါ်လာခြင်း၊ ဓာတ်ပြုမှုဖြစ်ခြင်းကြောင့် မီးငြိမ်းသတ်ရန်ကြိုးစားဆောင်ရွက်ရာတွင် အောက်ဆီဂျင်၊ လောင်စာနှင့် အပူရှိန်တစ်ခုခုဖယ်ထုတ်လိုက်ပါက မီးလောင်ကျွမ်းမှုရပ်ဆိုင်းသွားမည်သာဖြစ်သည်။

ရပ်ကွက်တိုင်း၊ လူတိုင်း မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများပိုမိုသိရှိရန်လိုအပ်သည်။ မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်သင့်လှသည်။ အဆောက်အအုံထုထည်ကြီးမားသော ငွေကြေးဆုံးရှုံးနိုင်ခြေများပြားသော ရုံး/ဌာနများ၊ ဈေးကဲ့သို့ အဆောက်အအုံများတွင်မီးဘေးစီမံချက်များ ရေးဆွဲထားရမည်ဖြစ်သည်။ မီးတားလမ်းများဖောက်လုပ်ခြင်း၊ ရပ်ကွက်/ကျေးရွာအတွင်း မီးသတ်ရေကန်များ ရေအပြည့်ဖြည့်ထားခြင်း၊ အိမ်တိုင်းတွင်ရှိသင့်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေပုံးများ စနစ်တကျစီစဉ်ထားရှိကြရမည်ဖြစ်သည်။ တစ်ဦးချင်းပြုကျင့်သင့်သည့် ပြုဖွယ်ကိစ္စများအနက် အရိပ်ရပင်၊ လေကာပင်များစိုက်ပျိုးထားရှိခြင်း၊ မီးဖိုနံဘေးတွင် ရေပုံးအဆင်သင့်ထားရှိခြင်း၊ လျှပ်စစ်မီးသုံးစွဲခြင်းလုပ်ငန်းများ အိမ်တိုင်းတွင် သတိပြုဆင်ခြင်သုံးစွဲကြမည်ဆိုပါက မီးဘေးရှောင် မလောင်ခင်တားဆီးနိုင်မည်ဖြစ်သည်။

> **☞ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြုခြင်း၊ အမှိုက်များကိုမီးရှို့မည့်အစား စနစ်တကျစွန့်ပစ်ခြင်း၊ စီးကရက်မီးကိုငြိမ်းသတ်၍ စနစ်တကျ စွန့်ပစ်ခြင်း၊ မိမိပတ်ဝန်းကျင်တွင် အမှိုက်မီးရှို့ခြင်း၏ အကျိုးအပြစ်ကိုသတိပေးခြင်း၊ အိမ်အနီးဝန်းကျင်ရှိ ခြောက်သွေ့သောမြက်များ၊ အမှိုက်ပုံများကို ဖယ်ရှားရှင်းလင်းခြင်း၊ မီးဘေးကာကွယ်ရေးပစ္စည်းများ စုဆောင်းခြင်း၊ မီးတားလမ်းဖောက်လုပ်ခြင်း၊ လေကာပင်များစိုက်ပျိုးခြင်းများပြုလုပ်သင့် . . .**

ထို့အတူ မိမိတို့အိမ်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်များကိုရှင်းလင်းခြင်း၊ လူမရှိဘဲ ဖယောင်းတိုင်မီး၊ လျှပ်စစ်မီးသုံးစွဲခြင်းကို သတိထားရှောင်ရှားသင့်သည်။ အသက်အရွယ်ကြီးရင့်သူများနှင့် ကလေးငယ်များ မီးအသုံးပြုမှုမရှိစေရေးသတိပြုရမည်ဖြစ်သည်။ အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသည့်စကားအတိုင်း အရာအသေးငယ်တစ်ခုမှစတင်၍ အန္တရာယ်ကြီးကြီးမားမားမဖြစ်စေရေး သတိထားရမည်ဖြစ်ပြီး အမှိုက်မီးရှို့ခြင်း၊ စီးကရက်မီးအစိတ်အပိုင်းများ စည်းကမ်းမဲ့လွှင့်ပစ်ခြင်းများကို ဆင်ခြင်ရမည်ဖြစ်သည်။ ဂက်စ်မီးဖိုအသုံးပြုသူ အိမ်ရှင်မများ ဂက်စ်မီးဖိုအသုံးပြုချိန်တွင် လေဝင်လေထွက်ကောင်းစေရန်အနီးအနားရှိ ပြတင်းပေါက်များကို ဖွင့်ထားပေးရန်လိုအပ်သည်။ အိပ်ရာအနီး၊ ခြင်ထောင်အနီး ခြင်ဆေးခွေထွန်းညှိခြင်း၊ ဖယောင်းတိုင်မီးထွန်းညှိခြင်းများ မပြုလုပ်ရန်လိုအပ်သည်။ လျှပ်စစ်ကြိုး အပေါက်အပြဲများကို အလွယ်တကူပြင်ဆင်ကိုင်တွယ်ခြင်းမပြုလုပ်သင့်ဘဲ အမှန်တကယ်တတ်ကျွမ်းနားလည်သူများထံမှ အကူအညီရယူဆောင်ရွက်သင့်လှသည်။

ယနေ့အချိန်တွင် လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အချိန်မကုန်လူသက်သာမှုရရှိရေး အိမ်တွင်းလျှပ်စစ်ပစ္စည်းများ တစ်နေ့တခြားသုံးစွဲလာကြသည်ကိုတွေ့ရသည်။ လျှပ်စစ်ပစ္စည်းများတွင် ဗို့အားအသီးသီး၊ ခံနိုင်ဝန်အသီးသီးရှိသဖြင့် လျှပ်စစ်မနိုင်ဝန်သုံးစွဲခြင်း ဖြစ်ပွားရသော မီးလောင်မှုများစွာရှိသည်။ အိမ်တွင်းမီးကြိုးများ ဆွေးမြည့်လောင်ကျွမ်းမှု၊ ပလတ်ခုံများအပူလွန်ကဲမီးလောင်ကျွမ်းမှုနှင့် မီးဖိုချောင်သုံး ဒယ်အိုးနီများ၊ ထမင်းပေါင်းအိုးများမှတစ်ဆင့် အပူလွန်မီးလောင်ကျွမ်းမှုဖြစ်ပွားလေ့ရှိသည်။ သတိပြုဆင်ခြင်ရမည်မှာ ထမင်းဟင်းချက်ပြုတ်နေစဉ်ရေတင်ခြင်း၊ ရေတင်နေစဉ် အဲကွန်းဖွင့်ခြင်းများရှောင်ကြဉ်သင့်သည်။

ဝိုင်ယာရှော့ဖြစ်ပွားလျှင် အလိုအလျောက်လျှပ်စစ်ဖြတ်တောက်မည့် Breaker များကို လျှပ်စစ်ကျွမ်းကျင်သူများနှင့် ခေါ်ယူတပ်ဆင်ထားရှိသင့်သည်။ လျှပ်စစ်ဝိုင်ယာကြိုးဟောင်းများဖြင့် မမှန်ကန်သည့်လျှပ်စစ်ဓာတ်အားသုံးစွဲခြင်း၊ ဂက်စ်မီးဖို၊ ဂက်စ်အိုးယိုစိမ့်မှုဖြစ်ပွားခြင်း၊ ကလေးငယ်များမီးနှင့်ကစားခြင်းကဲ့သို့ အခြေအနေများကြောင့်လည်း မီးလောင်မှုဖြစ်ပွားနိုင်သည်။ မီးလောင်မှုဖြစ်စဉ်များကိုကြည့်လျှင်လည်း လျှပ်စစ်ကြောင့်ဖြစ်ပွားရသည့်မီးလောင်မှုက ပို၍အဖြစ်များပေသည်။ မီးပလတ်ခုံအပူလွန်ခြင်း၊ ဒယ်အိုးနီပလတ်မဖြုတ်မိသဖြင့် မီးလောင်ခြင်းများကြောင့် အိုးပိုင်အိမ်ပိုင်ဘဝများဆုံးရှုံးကြရသည်။ နွေရောက်သည်နှင့် လျှပ်စစ်မီးပြဿနာ၊ မီးဘေးအန္တရာယ်တို့မှာ တူယှဉ်တွဲလာလေ့ရှိသည်။ အပူဒဏ်သက်သာစေရန် အဲကွန်း၊ ပန်ကာနှင့် လေအေးပေးစက်များ မသုံးမဖြစ်သုံးစွဲကြရသော်လည်း သတိထားသုံးစွဲရန် လိုအပ်သည်။ လျှပ်စစ်မီးသည် လူကိုအကျိုးပြုစွမ်းသည်မှာ မှန်ကန်မှုရှိသော်လည်း မပေါ့မဆသတိထားသုံးစွဲခြင်းနှင့် လျှပ်စစ်မီးပျက်ချိန်များတွင် အဲကွန်း၊ ပန်ကာနှင့် လေအေးပေးစက် မီးခလုတ်များကို လိုက်လံပိတ်ထားရမည်ဖြစ်သည်။

လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးလောင်မှုမဖြစ်ပွားရေး လျှပ်စစ်ကြိုးများကို ပုံမှန်စစ်ဆေး၍ ပျက်စီးနေပါက အချိန်မီပြုပြင်ခြင်း၊ ဂက်စ်အသုံးပြုသည့်အခါ လေဝင်လေထွက်ကောင်းစေရန် ပြတင်းပေါက်ဖွင့်ထားခြင်း၊ မီးဖိုအသုံးပြုပြီးပါက မီးပိတ်ထားမှုရှိ/မရှိ သေချာစစ်ဆေးခြင်း၊ အိမ်တိုင်းမီးသတ်ဘူး (Fire Extinguisher) အမြဲထားရှိခြင်း၊ မီးခိုးသတိပေးစက် (Smoke Detector) တပ်ဆင်ခြင်းများဆောင်ရွက်သင့်ပေသည်။ အများပြည်သူများ အသုံးပြုရာနေရာများတွင် အရေးပေါ်ထွက်ပေါက်တည်ရှိရာနေရာများကိုသိရှိထားခြင်း၊ အဆောက်အအုံအတွင်းရှိ မီးသတ်ပစ္စည်းများထားသိုတည်ရှိရာနေရာကို ကြိုတင်လေ့လာထားခြင်း၊ မီးလောင်မှုဖြစ်ပွားပါက မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။

ရာသီမရွေး မီးလောင်မှုသတင်းများကို သတင်းစာမျက်နှာများတွင် မကြာခဏတွေ့ကြရပေသည်။ အမြန်လမ်းပေါ်တွင်လည်း အင်ဂျင်အပူလွန်ကဲသောကားများ မီးလောင်မှုဖြစ်ပွားသည့်သတင်းများမှာ စိတ်မချမ်းမြေ့ဖွယ် မကြာခဏကြားသိနေကြရသည်။ သွားသတိ၊ လာသတိ၊ သတိတစ်လုံးဖြင့် ယာဉ်အသုံးမပြုမီ၊ အသုံးပြုဆဲကာလတစ်လျှောက် သတိပြုရပါမည်။ မျက်စိ၊ နား၊ နှာခေါင်း၊ ခြေ၊ လက်များ ဟန်ချက်ညီညီသတိထားခြင်းဖြင့် ယာဉ်မတော်တဆမှုနှင့် မီးလောင်မှုဖြစ်စဉ်များလျော့ကျသွားနိုင်ပေသည်။ မီးလောင်မှုဖြစ်ပွားလျှင် စိတ်ကိုတည်ငြိမ်အောင်စုစည်းရပါမည်။ မီးလောင်မှုဖြစ်စဉ်တစ်ခုဖြစ်ပွားသည်နှင့် ကျိတ်မငြိမ်းရန်လိုအပ်ပြီး ပတ်ဝန်းကျင်သို့ အကူအညီတောင်းခံရမည်ဖြစ်သည်။ စိတ်လွတ်ကိုယ်လွတ် အထပ်မြင့်မှခုန်ချခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

> **☞ လျှပ်စစ်ဝိုင်ယာရှော့ကြောင့် မီးလောင်နိုင်သည်။ တောမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းဖြစ်စဉ်များတွင် လေတိုက်မှုကြောင့် မီးလောင်မှုပမာဏကျယ်ပြန့်စေနိုင်သည်။ ဆေးလိပ်၊ စီးကရက်မဆင်မခြင်စွန့်ပစ်ခြင်းမှတစ်ဆင့် ခြောက်သွေ့သောအမှိုက်၊ မြက်ခြောက်များနှင့်ထိတွေ့၍ မီးလောင်မှုဖြစ်စေနိုင်သည်။ မီးလောင်လွယ်သည့်ပစ္စည်းများ နေရောင်ဖြင့်တိုက်ရိုက်ထိတွေ့ရာမှ အပူရှိန်မြင့်၍ မီးလောင်ကျွမ်းနိုင် . . .**

မီးဘေးနှင့်ရင်ဆိုင်ကြုံတွေ့ရပါက စိတ်ကိုတည်ငြိမ်အောင်ထားရှိ၍ မီးလောင်နေသည့်နေရာမှ ချက်ချင်းထွက်ခွာခြင်း၊ ဓာတ်လှေကားအသုံးပြုခြင်းအစား လှေကားအသုံးပြုခြင်းများ ဆောင်ရွက်သင့်ပေသည်။ အခန်းတွင်း မီးခိုးများပိတ်ဖုံးနေပါက မတ်တတ်မရပ်သင့်ဘဲ ကြမ်းပြင်မှအနီးဆုံးတံခါးမကြီးဆီသို့တွားသွားရန်လိုအပ်ခြင်း၊ အဝတ်အစားနှင့်ကိုယ်ခန္ဓာမီးစွဲလောင်လျှင် ထွက်မပြေးဘဲ ကြမ်းပြင်တွင် (ရပ်၊ လဲ၊ လှည့်) လူးလိမ့်၍ မီးငြိမ်းသတ်ခြင်းနှင့် မျက်နှာအားမီးဟပ်ခြင်း၊ မီးခိုးမွန်ခြင်းမှကင်းဝေးစေရန် လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ်ခြင်းများလိုအပ်ကြောင်း မီးဘေးအန္တရာယ်ကာကွယ်ရေး ဟောပြောပွဲများမှတစ်ဆင့်သိရှိရသည်။ မီးဘေးအန္တရာယ်ကျရောက်ချိန်တွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနသို့ချက်ချင်းအကြောင်းကြားရမည်ဖြစ်ပြီး တစ်အိမ်မှတစ်အိမ် မီးမကူးစေရေး လူအင်အားအသုံးပြု မီးငြိမ်းသတ်ရန်လိုအပ်သည်။ မီးလောင်မှုသည် လောင်ကျွမ်းနိုင်မည့်အရာများကို အတားအဆီးမရှိစိတ်ကြိုက်လောင်ကျွမ်းလေ့ရှိသည်။ ထို့ကြောင့် မီးလောင်မှတားဆီးခြင်းထက် မလောင်ခင်ကြိုတင်ကာကွယ်ခြင်းမှာ ပိုမိုထိရောက်သောတုံ့ပြန်မှုဖြစ်သည်။

အနှစ်ချုပ်အားဖြင့် လျှပ်စစ်ဝိုင်ယာရှော့ကြောင့် မီးလောင်နိုင်သည်။ တောမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်းဖြစ်စဉ်များတွင် လေတိုက်မှုကြောင့် မီးလောင်မှုပမာဏ ကျယ်ပြန့်စေနိုင်သည်။ ဆေးလိပ်၊ စီးကရက်မဆင်မခြင်စွန့်ပစ်ခြင်းမှတစ်ဆင့် ခြောက်သွေ့သောအမှိုက်၊ မြက်ခြောက်များနှင့်ထိတွေ့၍ မီးလောင်မှုဖြစ်စေနိုင်သည်။ မီးလောင်လွယ်သည့်ပစ္စည်းများ နေရောင်ဖြင့်တိုက်ရိုက်ထိတွေ့ရာမှ အပူရှိန်မြင့်၍ မီးလောင်ကျွမ်းနိုင်သည်။ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသတိပြုခြင်း၊ အမှိုက်များကို မီးရှို့မည့်အစား စနစ်တကျစွန့်ပစ်ခြင်း၊ စီးကရက်မီးကိုငြိမ်းသတ်၍ စနစ်တကျစွန့်ပစ်ခြင်း၊ မိမိပတ်ဝန်းကျင်တွင် အမှိုက်မီးရှို့ခြင်း၏ အကျိုးအပြစ်ကိုသတိပေးခြင်း၊ အိမ်အနီးဝန်းကျင်ရှိ ခြောက်သွေ့သောမြက်များ၊ အမှိုက်ပုံများကို ဖယ်ရှားရှင်းလင်းခြင်း၊ မီးဘေးကာကွယ်ရေးပစ္စည်းများစုဆောင်းခြင်း၊ မီးတားလမ်းဖောက်လုပ်ခြင်း၊ လေကာပင်များစိုက်ပျိုးခြင်းများပြုလုပ်သင့်ပေသည်။ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားရမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူလူထုနှင့်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အချိန်မရွေးကြုံတွေ့နိုင်သည့် မီးဘေးအန္တရာယ်ကိုကာကွယ်နိုင်စွမ်းရှိပြီး အနာဂတ်နိုင်ငံတော် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနေမည်ဖြစ်သဖြင့် အမှိုက်ကစ မီးလောင်မှုမဖြစ်စေရေး အားလုံးပါဝင်တားဆီးကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မကွေးမြို့ မြသလွန်စေတီတော် ဗုဒ္ဓဇယန္တိဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



မကွေး မတ် ၅

မကွေးမြို့ မြသလွန်စေတီတော်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သြဝါဒဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် မြသလွန်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း အသစ်ဆောက်လုပ်ပြီးစီးသော ဗုဒ္ဓဇယန္တိဗိမာန်တော်ဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗိမာန်တော်ရှေ့၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြသလွန်စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများက မြသလွန်စေတီတော် ဗုဒ္ဓဇယန္တိဗိမာန်တော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗုဒ္ဓဇယန္တိဗိမာန်တော်ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မိကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မဟာဓမ္မိကာရာမကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါဗိမာန်တော်သည် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ဗိမာန်တော်ကြီးအပေါ်ထပ်၌ ထီးတော်ထားရှိသည့်အခန်း၊ ဘုရားသုံးဆူစံမြန်းရာ ဘုရားခန်းနှင့် ဓာတ်တော်အခန်းတို့ပါဝင်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စေတနာရှင်ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ပြည်ခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ပဲခူး မတ် ၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ သရေခေတ္တရာပျူမြို့ဟောင်း၌ မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ခဲ့သည့် ဘောဘောကြီးစေတီတော် ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုကွင်းဆင်းကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်သောကြောင့် ဆွေးမြည့်အုတ်များဖယ်ရှားရာတွင်ရှေးဟောင်းပုံစံတူအုတ်ဖြင့် ပြန်လည်အစားထိုးရန်၊ အက်ကွဲကြောင်းများအတွင်း Lime Grouting လောင်းခြင်းအပြင် စေတီတော်လုံးပတ်တော်၌ပေါက်ရောက်လျက်ရှိသည့်ညောင်ပင်များအား ဓာတုဗေဒဆေးဖြင့် ပေါင်းသတ်ဖယ်ရှားရန် တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် မုဋ္ဌောကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေလျှံတွင်းများတူးဖော်ပေးခဲ့မှုကြောင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၁၅ဝ ရွှေဖလားမျိုးကြက်သွန်နီသီးနှံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ သုံးပန်လှအုတ်ကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုလည်းကောင်းကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ပြည်မြို့နယ် မော်ဇာကျေးရွာမှ ဦးနိုင်လင်းထွန်း၏ ဥစားဘဲကောင်ရေ ၆၃ဝ မွေးမြူထားရှိမှုနှင့် ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်ရှိ ဦးငြိမ်းချမ်း၏ ဥစားဘဲကောင်ရေ ၄ဝဝဝ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ရွှေတောင်မြို့ ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်းကောင်းမွန်စေရေးသဲအိတ်စီ Geo Mattress အုတ်ရေလွှဲကာလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ရွှေတောင်မြို့ နွားမယံကျေးရွာ၌ ယခင်ရွှေတောင်-ဆင်တဲဆိပ်ကမ်းအဟောင်းအား ကုန်တင်ကုန်ချဆိပ်ကမ်းတစ်ခုအဖြစ် ပြန်လည်အဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇီးကုန်းမြို့ မြို့မဈေးအတွင်း သားငါးဈေးရုံအသစ် တည်ဆောက်ပြီးစီးမှုနှင့်သာယာဝတီမြို့ ဆရာစံခန်းမပြင်ဆင်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအားလုပ်ငန်းအမျိုးအစားအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **ဥဿာတိုင်းသား**

# ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာ၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ပုသိမ် မတ် ၅

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် RCC နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်သစ် မျက်နှာစာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာဖြင့်ပက်ဖျန်းပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြည်မြို့နယ် ကျွန်းဒေါင့်ကျေးရွာ တောင်သူဦးမြင့်စိုး၏ဆင်းပဒေသာ (၁၂) ဆောင်းမြေပဲ စံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး နှောကုန်းကျေးရွာ ဖူးရတနာမြေပဲခွဲစက်နှင့် မြေပဲဆီသန့်ကြိတ်စက်ရုံ၌ မြေပဲအခွံချွတ်စက်၊ မြေပဲသန့်စင်စက်၊ မြေပဲကြိတ်စက်တို့ဖြင့် မြေပဲဆီကြိတ်ခွဲနေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ရေကြည်မြို့နယ် ကျွန်းတောက်ကျေးရွာ၊ နှောကုန်းကျေးရွာနှင့်ကြိမ်ချောင်းကျေးရွာလျှပ်စစ်မီးဖွင့်ပွဲသို့ တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျေးရွာအတွင်း လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မဲဇလီကုန်းကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီးတာဝန်ရှိသူများနှင့်အတူကုန်ထုတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကုန်ထုတ်လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၅˚C |
| ရန်ကုန် | ၂၁˚C | / | ၃၅˚C |
| မန္တလေး | ၂၀˚C | / | ၃၅˚C |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

# ဆေးရုံဖြေစာစစ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်းဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသော ကျောင်းသား/ ကျောင်းသူများပညာရေးနစ်နာမှုမရှိစေရန်ရည်ရွယ်၍ ဆေးရုံဖြေစာစစ်ဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့်နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်များရှိ ဆေးရုံကြီးများတွင် ဆေးရုံတက်ရောက်ကုသမှုခံယူသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား/ ကျောင်းသူ(လူနာ)များအတွက် သက်ဆိုင်ရာပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က ညှိနှိုင်းလာပါက အဆိုပါဆေးရုံကြီးများတွင် ဆေးရုံဖြေစာစစ်ဌာန ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၅

(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိအမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၇၀၀)၊ တပ်နယ်အားကစားခန်းမနှင့် ဓာတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်၌ ဆက်လက်ကျင်းပပြုလုပ်သည်။

အဆိုပါနှီးနှောဖလှယ်ပွဲသို့ တပ်မတော် ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော် အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ကျွမ်းကျင်သူ(အရာရှိ)များ၊ သူနာပြု/ ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီး ဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာ ရှင်များ၊ အငြိမ်းစားအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စား သူများတက်ရောက်ကြသည်။

ယနေ့တွင် ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Meet the Experts (MTE) ၁ ခု ၊ Special Talk ၄ ခု၊ Clinical Session နှင့် Symposium များအဖြစ် **"တပ်မတော်သားများ တိုက်ပွဲဝင်အသင့် ဖြစ်စေရန်အတွက် အဝလွန်ပြဿနာ ဖြေရှင်းရန်နည်းလမ်းများ"၊ "စစ်မြေပြင် ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက် ရာတွင် ဆောင်ရွက်မည့်သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးလက် ထောက်များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ"၊ "ဆေးပညာသင်ကြားရေး တွင် အရေးပါသည့် ဆရာများအတွက် အနာဂတ်စိန်ခေါ်မှုများနှင့်ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများ"၊ "အာရုံကြောစနစ်သုံး စစ်ဆင်ရေးခေတ်သို့ ကူးပြောင်းရောက်ရှိ လာခြင်း"၊ "သက်မဲ့အလှူရှင်ထံမှ အသည်း အစားထိုးကုသခြင်း"** စသည့်ခေါင်းစဉ် တို့အား ဆွေးနွေးခဲ့ကြသည်။

၎င်းအပြင်သုတေသနစာတမ်းများအဖြစ် သွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဆေးပညာ၊ ရေကြောင်းဆေးပညာ၊ လေကြောင်းဆေးပညာ၊ ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာ၊ တိုင်းရင်းဆေးပညာ၊ ပြန်လည်သန်စွမ်းရေးဆေးပညာ၊ အရိုး အထူးကုပညာ၊ ဓာတ်မှန်ပညာ၊ ဇီဝကမ္မ ဗေဒ၊ စိတ်ကျန်းမာရေး၊ အလုပ်သင်ဆရာဝန် များ၏ သုတေသနစာတမ်းများစသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၃၉ စောင်တို့အား ပါဝင်ဖတ်ကြား တင်သွင်းကြသည်။ ထို့နောက် တက်ရောက် လာသူများက သိလိုသည်များကိုမေးမြန်း ကြရာ သက်ဆိုင်ရာသုတေသီတို့မှ ရှင်းလင်း ဖြေကြားဆွေးနွေးကြပြီး ဒုတိယနေ့အစီ အစဉ်များကို ညနေပိုင်းတွင်ရပ်နား၍ မတ်လ ၆ ရက်တွင် ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရှိရသည်။



(၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ကျင်းပစဉ်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးရုံ/ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ(အရာရှိ)နှင့် သူနာပြု/ ကျွမ်း ကျင်သူကိုယ်တိုင်တက်ရောက်သူများအနေ ဖြင့် စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် စုစုပေါင်း ၂၁၀ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်



ရှမ်းပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နေပြည်တော် မတ် ၅

ရှမ်းပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ရှိ ဌာန ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ က Video Conferencing များဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် အရှေ့ ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယ တိုင်းမှူးများက သက်ဆိုင်ရာတိုင်းစစ်ဌာန ချုပ်များအလိုက် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများအား အသီးသီးဆွေးနွေးတင်ပြကြသည်။ ယင်း နောက်ပြည်နယ်ပညာရေးမှူးက တက္ကသိုလ် ဝင်စာမေးပွဲဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဆွေးနွေးတင်ပြသည်။ ၎င်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တက္ကသိုလ်ဝင် စာမေးပွဲ ဆောင်ရွက်ထားရှိမှုအခြေအနေ များအား အသီးသီးရှင်းလင်းတင်ပြဆွေးနွေး ကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ် သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

(၁၀၀)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲ ပြုလုပ်

နေပြည်တော် မတ် ၅

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်း နှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ် စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိ သူများ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြား သည်။ ထို့နောက် တိုင်းမှူးက သင်တန်း တက်ရောက်မည့် ကျောင်းသား၊ ကျောင်း သူများအတွက် စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသား ၁ ဦးနှင့် ကျောင်းသူ ၁ ဦး တို့က လက်ခံရယူကြသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကျောင်းသား တစ်ဦးအား စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်စဉ်။

အဆိုပါသင်တန်းများကို သင်တန်းသား၊ သင်တန်းသူ ၁၁၂ ဦးဖြင့် မတ်လ ၂၀ ရက် ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လယ်ဝေးမြို့နယ်အတွင်းရှိ အသင့်တပ်ဆင်ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံနှင့် စာသင်ဆောင်ဆောက်လုပ်ထားရှိမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာရှိ ငလျင်ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထိုင်းနိုင်ငံက AHA Center မှတစ်ဆင့် ဆောက်လုပ်လှူဒါန်းထားသော အောင်မြင်ကုန်းကျေးရွာ အသင့်တပ်ဆင်ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါအသင့်တပ်ဆင် ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံသည် အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်အဝန်းရှိ တစ်ထပ်အဆောက်အအုံဖြစ်ပြီး တည်ဆောက်တပ်ဆင်ရန် ၁၀ ရက်ခန့်သာ ကြာမြင့်ကြောင်းနှင့် ငလျင်အန္တရာယ်ကြုံတွေ့ရပါက အဆောက်အအုံကြောင့် နေထိုင်အသုံးပြုသူများအပေါ် ထိခိုက်နိုင်မှု နည်းပါးစေနိုင်ကြောင်း သိရှိရသည်။

ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ထိရောက်သော အထောက်အပံ့ဖြစ်စေရန် သက်ဆိုင်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ ညှိနှိုင်း၍ ထိုင်းနိုင်ငံ အကူအညီအထောက်အပံ့ကို လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ထိုင်းနိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် ဆောက်လုပ်ထားသော အလျားပေ ၆၀၊ အနံပေ ၃၀ အကျယ်အဝန်းရှိ အသင့်တပ်ဆင်စာသင်ကျောင်းဆောင်ကို ကြည့်ရှုပြီး ယခုဆောက်လုပ်ထားသော စာသင်ကျောင်းဆောင်အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် အသင့်တပ်ဆင်စာသင်ဆောင် ခုနစ်ဆောင်၊ အသင့်တပ်ဆင်ကျေးလက်ကျန်းမာရေးဆေးပေးခန်း ၁၀ ခန်း စုစုပေါင်း အဆောက်အအုံ ၁၇ ဆောင်ကို ထိုင်းနိုင်ငံက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားမှုတို့တွင် များစွာအထောက်အကူဖြစ်သည့်အတွက် လှူဒါန်းအဆောက်အအုံများကို အကျိုးရှိစွာ အသုံးပြုရန်နှင့်ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



ရန်ကုန် မတ် ၅

နိုင်ငံတော်သည် အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း NSPAW Phase II (၂၀၂၃-၂၀၃၂)ကို ဆောင်ရွက်လျက်ရှိရာ မဟာဗျူဟာစီမံကိန်း၏ အမျိုးသမီးအခွင့်အရေးနှင့် လူ့အခွင့်အရေးကဏ္ဍရှိ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကြိုဆိုသည့်အနေဖြင့် အမျိုးသမီးအခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး(ရန်ကုန်)၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့်လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက လူ့အခွင့်အရေးဆိုသည်မှာ လူသားအားလုံးရရှိအပ်သည့် မွေးရာပါ အခွင့်အရေးများဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများဖြစ်သော တန်းတူညီမျှမှုရှိစေရန်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရန် (Equality and Non-discrimination) ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြကြောင်း၊ နိုင်ငံတော်အနေဖြင့် အမျိုးသမီးအခွင့်အရေးများကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း အမျိုးသမီးများနှင့်အမျိုးသမီးငယ်များ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးချက်မှ ထွက်ပေါ်လာမည့်အကြံပြုချက်များသည် NSPAW မဟာဗျူဟာစီမံကိန်း ပန်းတိုင်အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့်အတွက် ဆွေးနွေးပွဲ တက်ရောက်လာသူများကလည်း NSPAW မဟာဗျူဟာစီမံကိန်းပါအမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လူ့အခွင့်အရေး အခြေခံအယူအဆနှင့် အမျိုးသမီးအခွင့်အရေးများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က အမျိုးသမီးများနှင့်လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ၂၀၂၃ - ၂၀၃၂ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် (၁၂) ရပ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုချင်းအပေါ် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပြီး အမျိုးသမီးများနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ခရီးရောက်ရှိလာသည့် ရုရှားရေတပ်ပစိဖိတ်စစ်ရေယာဉ်စုမှ စစ်ရေယာဉ်ကို တွေ့ရစဉ်။

**→ ကျောဖုံးမှအဆက်**

သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည်စုစုပေါင်း ၃၅၀ ဦးတို့လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ်လ ၁၀ ရက်အထိ ၆ ရက်ကြာနေထိုင်၍ လေ့လာလည်ပတ်သွားမည်ဖြစ်ကာ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာဟောပြောပွဲကျင်းပ

ကျောက်ဆည် မတ် ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်) ဘက်စုံသုံးခန်းမ၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာဟောပြောပွဲကို မတ်လ ၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ WLConstruction Co.,Ltd. မှ အင်ဂျင်နီယာ ဦးဝင်းလွင်၊ Myanmar United Power Co.,Ltd. မှ Chief Executive Engineer ဦးအောင်ကျော်လင်း၊ ကျင်းလုံမြန်မာကုမ္ပဏီလီမိတက်မှ BDM Manager ဦးထွန်းထွန်းလင်း၊ မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ ကြံနှစ်ကောင်ဘိလပ်မြေစက်ရုံမှ ဒုတိယမန်နေဂျာ HR ဦးနေမျိုးဆန်းလှိုင်နှင့် မြန်မာနက်ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးစိုးမင်းထွန်းတို့က အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာအကြောင်းအရာများကို အသီးသီးဟောပြောကြသည်။

အဆိုပါဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာဘာသာရပ်အလိုက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အကြောင်းများကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# လယ်ဝေးမြို့နယ်အတွင်းတည်ဆောက်မည့် အုတ်ကြွပ်အမိုးပြားနှင့် အုတ်စက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၅

“ပုလဲဥ” အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အုတ်ကြွပ်အမိုးပြားနှင့် အုတ်စက်ရုံပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရွှေပြည်အေးကျေးရွာအုပ်စု အမှတ်(၁၇၉၉/ခ)ကွင်း၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် “ပုလဲဥ” အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ အုတ်ကြွပ်အမိုးပြားနှင့် အုတ်စက်ရုံ တည်ဆောက်မည့်မြေနေရာ၌ ပန္နက်တင်ပေးကြသည်။

ထို့နောက် “ပုလဲဥ” အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက် တာဝန်ရှိသူများက စက်ရုံတည်ဆောက်မည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများ အချိန်တိုအတွင်း ဆောလျင်စွာပြီးစီးရေး တွန်းအားပေးဆောင်ရွက်သွားရန်နှင့် ထွက်ရှိလာသောထုတ်ကုန်များဈေးကွက်ရရှိရေး ကြိုတင်ချိတ်ဆက်ဆောင်ရွက်ထားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိကာ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် ပိုင်မြေပေါ်တွင်ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် မျိုးဇမ္ဗူကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ဥစားကြက်မွေးမြူရေးလုပ်ငန်းမှ ကြက်ခြံတည်ဆောက်နေမှု၊ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် ခေတ်ရေ့ဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်းနှင့် လယ်ယာသုံးစက်ပစ္စည်းအသစ်တပ်ဆင်/ အဟောင်းပြုပြင် အလုပ်ရုံ၌ မျိုးစေ့ချကိရိယာများ တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကြက်ခြံတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် မျိုးစေ့ချကိရိယာများအား နွေစပါးစိုက်ပျိုးချိန်အမီ အသင်းသားတောင်သူများ လက်ဝယ်ရောက်ရှိရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



# နိုင်ငံနှင့်ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် ဌာန၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် မတ် ၅

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံနှင့်ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် ဌာန၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့နိုင်ငံတွင် မကြာသေးမီက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားလုပ်ငန်းအနေဖြင့် ပြီးခဲ့သည့်ကာလများတွင်နိုင်ငံအတွင်း နေထိုင်လျက်ရှိကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများနှင့် အသက် ၁၀ နှစ်ပြည့်နှင့် ပျောက်ပျက်၊ လဲလှယ်မိတ္တူလျှောက်ထားသူများအပါအဝင် ပန်းခင်းစီမံချက်ဖြင့် စုစုပေါင်းလူဦးရေ ၁၁ သန်းကျော်ကို နိုင်ငံသားကတ်ပြားဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ မဲစာရင်းတွင် အခြေခံအသုံးပြုမည့် အတည်ပြုလူဦးရေစာရင်းကို ပြုစုထုတ်ပြန်နိုင်ခဲ့ကြောင်း၊ e-ID စနစ်ဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား Biographic နှင့် Biometric Data များကောက်ယူပြီး Unique ID နံပါတ်တစ်ခုစီပေးသည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေ(၁၃ သန်းကျော်)ကို UID နံပါတ်ထုတ်ပေးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် တိုင်းဒေသကြီး /ပြည်နယ်အလိုက် လက်ရှိလုပ်ငန်းစဉ်တစ်ခုချင်းအပေါ် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ တွေ့ကြုံနိုင်သည့် အခက်အခဲများအပေါ် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးတင်ပြကြရန်နှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ ဌာနနှင့်ပတ်သက်၍ ပြည်သူများ၏ လိုအပ်ချက်အပေါ် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများအပေါ် လက်ငင်းဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးဋ္ဌေးလှိုင်က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံနှင့်ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းမည့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည်နှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင်မြင်ရေးအတွက် ဝန်ထမ်းအားလုံးစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ဘားအံ မတ် ၅

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်မှုဇုန် ကြီးကြပ်မှုကော်မတီရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အရေးပါသည့် ဘားအံစက်မှုဇုန်တွင် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဒေသထွက်ကုန်ကြမ်းများကို အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများအဖြစ် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့်ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ဘားအံစက်မှုဇုန်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဘားအံစက်မှုဇုန်လုပ်ငန်းရှင်များက ဇုန်ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် SKK ကာလာအမိုးပြားထုတ်လုပ်ရေးစက်ရုံ၊ ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ သစ်ပါးလွှာစက်ရုံ၊ တည်ဆောက်ဆဲ Shine Htoo Co.,Ltd. ၏ လက်တွန်းလယ်ထွန်စက်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ အောင်သစ္စာ ဂျစ်ပ်ဆမ်ကျောက်မှုန့်မြေဩဇာထုတ်လုပ်သည့် စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအားမသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing accepts Letters of Credence of the Ambassador of the Republic of Nicaragua



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing accepts Letters of Credence of the Ambassador of the Republic of Nicaragua H.E. Mr. Segundo Martin Calero Escorcia.

NAY PYI TAW March 5

His Excellency Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission,accepted the Letters of Credence of His Excellency Mr. Segundo Martin Calero Escorcia, the newly-accredited Ambassador of the Republic of Nicaragua to the Republic of the Union of Myanmar, at the Credentials Hall of the Office of the National Defence and Security Council, Nay Pyi Taw at 10 am today.

Afterward, they cordially discussed promotion of diplomatic relations, and bilateral interactions and cooperation in economic, cultural and tourism sectors between the two countries, Nicaragua's support for Myanmar on the international stage, further enhancing the bilateral practical cooperation in multiple areas, holding of a multi-party democracy general election in Myanmar and the participation of international observers including the Nicaraguan ambassador to Myanmar, eagerness of the voters in going to the polls during the election, total absence of major protest indicates the success of the election, convening of the hluttaw sessions in the near future and further cementing of cooperation between Myanmar and Nicaragua.

After the call, the Senior General and the Nicaraguan ambassador posed for documentary photos.

Also present were SSPC Secretary General Ye Win Oo, Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Thet Tun.

**100**

# Acting President of the Republic of the Union of Myanmar SSPC Chairman Senior General Min Aung Hlaing accepts Letters of Credence of newly-accredited Ambassador of the Kingdom of Saudi Arabia to Myanmar



Acting President of the Republic of the Union of Myanmar SSPC Chairman Senior General Min Aung Hlaing accepts Letters of Credence of newly-accredited Ambassador of the Kingdom of Saudi Arabia H.E. Mr. Maziad Mohammed M Al Howishan.

NAY PYI TAW March 5

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing accepted the Letters of Credence of H.E. Mr. Maziad Mohammed M Al Howishan, the newly-accredited Ambassador of the Kingdom of Saudi Arabia to the Republic of the Union of Myanmar, at the Credentials Hall of the Office of the National Defence and Security Council, Nay Pyi Taw, at 11 am today.

They cordially discussed long-lasting diplomatic relations between Myanmar and Saudi Arabia, further strenthening friendship and cooperation, potentials for promotion of bilateal relations between the two countries, the situation on enhancement of investment and trade between both countries, successful holding of the free and fair election in Myanmar, convening the Hluttaw in the near future, and efforts to further promote bilateral cooperation between the two countries.

After the meeting, the Senior General and the Ambassador of Saudi Arabia to Myanmar had the documentary photo taken.

Present on the occasion were Commission Secretary General Ye Win Oo, Union Minister for Foreign Affairs U Than Swe and, Director-General of the Protocol Department U Thet Tun of the Ministry of Foreign Affairs.

**100**

# Katha Township cultivates more than 24,000 acres of sesame this year



KATHA March 5

Katha District Agriculture Department stated that local farmers planted 24,879 acres of sesame in the township, Sagaing Region, this year.

For the 2025-2026 winter cropping season, Katha Township planned to cultivate 25,050 acres of sesame, and planting began in October last year. As of today, 24,879 acres have already been planted, according to local information.

"Katha Township planned to cultivate more than 25,000 acres of sesame last winter season, and over 24,000 acres have now been planted. Efforts are under way to meet the full target acreage. Sesame cultivation has been increasing year by year. Farmers mainly grow sesame in the winter season rather than the monsoon, and as an oilseed crop, it is performing well," said U Ko Lay, Head of the Katha Township Agriculture Department.

This year, the Township Agriculture Department has been providing awareness and technical support to sesame growers in Katha to help them expand their cultivated area; to adopt proper cultivation methods; to apply GAP (Good Agricultural Practices); to use quality and pure seed varieties; and to grow high-yielding varieties.

Crops produced under the GAP system are of higher quality than those grown under other cultivation methods. They also fetch better prices and have market potential not only domestically but also for export. As a result, farmers who adopt GAP practices are expected to achieve better incomes and improvements in their socio-economic livelihoods.

**SK**

# Nyaungdon Township dispatches large volume of sturgeon fish to Yangon market

NYAUNGDON March 5

Local merchants from Nyaungdon Township of Ayeyawady Region sent a large volume of sturgeon fish to Yangon market in December, said Daw Than Than Oo, the owner of marine product trading depot in Nyaungdon Township.

From Nyaungdon Township, shipments of sturgeon fish to the Yangon market totaled only up to 55,000 viss during November last year. However, within the one-month period in December, shipments increased to as much as 75,000 viss. This rise in shipments was due to stronger purchasing demand for sturgeon fish from the Yangon market, according to reports.

"At present, the market situation for sturgeon fish is not bad. It is workable and convenient for trading. Shipments increased because there has been a lower inflow of sturgeon fish to local wholesale depots in this area, while demand from Yangon for locally sourced sturgeon fish has been strong. We began shipping larger volumes to the Yangon market from around the first week of last month. Demand for other fish species has also increased. Although purchasing demand from the Yangon market has risen, prices have not increased sharply yet," said Daw Than Than Oo.

Fishery entrepreneurs in Nyaungdon Township sell fishery products to domestic markets as well as Yangon market, and the fish fetches Ks-16,500 to Ks-19,500 per viss.

**SK**

# Local merchants ship a large number of green clams to Yangon market



DEDAYE March 5

Local merchants from Dedaye Township in Ayeyawady Region sold a large number of green clams to Yangon market said Daw Moe Myint, the owner of fishery trading depot in Dedaye Township.

In Dedaye Township, green clams harvested from natural sources are being sent to the Yangon market for sale. About 70,000 viss of green clams were able to be transported and sold to the Yangon market.

"We are currently purchasing the green clams harvested locally. There is steady demand in domestic markets, and sales have been good over the past month. Compared to previous months, we have been able to transport and sell larger quantities. In Dedaye, people collect fish, prawns, crabs, and green clams from natural sources. The marine products collected in the township are mainly transported to Yangon for sale. With sales becoming more active than usual, fishers and traders are gaining more job opportunities and income," said Daw Moe Myint, a seafood wholesaler in Dedaye Township.

Seafood traders in Dedaye Township purchase various kinds of fish, prawns, crabs, and green clams from fishers. These products are then properly cleaned, processed, and packaged before being transported to the Yangon market for sale. From Yangon, they are further distributed to other regions. **SMK**

# More than 104,000 acres of paddy harvested in Einme Township

EINME March 5

Local farmers have harvested 104,573 acres of paddy in Einme Township of Ayeyawady Region, said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

In Einme Township, 143,010 acres of rainfed paddy were cultivated during the monsoon cropping season. Harvesting of these paddy fields began in the second week of October this year, and as of today, a total of 104,573 acres have been fully harvested. The harvested fields produced up to 107.77 baskets per acre.

"We were able to cultivate more than 143,000 acres of monsoon paddy this season, and all the fields have now been harvested. The Department of Agriculture worked in advance to provide the necessary support to ensure smooth cultivation in line with the production targets. Fertilizer and other inputs were also provided in coordination with the relevant departments and organizations. As a result, we were able to complete the harvest without difficulties," said Daw Khin Htay Myint,.

In Einme Township, monsoon paddy cultivation was carried out in full accordance with the production plan through the cooperation of the Department of Agriculture, the Township Administration Body, the Department of Agricultural Mechanization, agricultural companies, farmers' associations, the Irrigation and Water Utilization Management Department, and local residents. **SMK**

# Israeli-US conflict with Iran poses threat to global stability, economy - Lavrov

MOSCOW March 5

The US-Israeli operation against Iran poses a threat to global stability and economy, Russian Foreign Minister Sergey Lavrov said on Thursday.

"What is currently unfolding in the Middle East as a result of the aggression of Israel and the United States against Iran, I cannot fail to mention this crisis, which is now constantly on the front pages, on TV screens, and on social networks, and which is indeed fraught with colossal consequences, negative consequences for the whole world, for global stability and the global economy," Lavrov said at an embassy roundtable.

Russia will make all efforts to contribute to the settlement of the situation in the Middle East, the minister added.

There are disputes within the United States about the true goals of the US-Israeli military operation against Iran, Sergey Lavrov said.

"Many are currently debating the goals [of the military operation against Iran], including many politicians in the United States who cannot understand what the goal of this operation is," Lavrov said.

One of the goals of the operation against Iran was to create a division between Tehran and the countries of the region, the foreign minister added.

NATO is currently being dragged into a war against Iran, Sergey Lavrov said.

"It was like that in Ukraine, and now it is happening in the Middle East. It is telling that NATO, just as it has long been getting involved in Ukrainian affairs, is now being drawn into the war that the US and Israel have unleashed against Iran," Lavrov said.

The negotiations between the US and Iran were close to success, Russian Foreign Minister Sergey Lavrov said.

"Negotiations between the United States and Iran had been underway for some time and, judging by the comments of those involved, were very close to success back in June of last year, when, in the midst of negotiations, literally on the eve of the next round, a 12-day war was unleashed, the so-called first act of aggression against the Islamic Republic of Iran. The same thing happened now," Lavrov said.

**Sputnik**

# Dubai-based carrier Emirates to operate over 100 flights amid reduced schedule

DUBAI March 5

Dubai-based carrier Emirates said Thursday it is operating a reduced flight schedule following regional airspace restrictions, with more than 100 flights expected to depart from and return to Dubai on Thursday and Friday.




An Emirates spokesperson said the airline has adjusted its operations after the partial reopening of regional airspace, allowing commercial flights to resume under safe conditions.

"Emirates can confirm that it is currently operating a reduced flight schedule until further notice. This follows the partial reopening of regional airspace for the safe conduct of commercial flights," the spokesperson said, adding that the airline continues to monitor the regional situation and adjust operations as necessary.

The development came as the joint U.S.-Israeli military operation against Iran entered its sixth day. The operation has triggered a sharp escalation across the Middle East, setting off waves of missile exchanges, mounting casualties, and far-reaching political, security and economic repercussions.

**Xinhua**

# Iran says death toll of U.S.-Israeli strikes reaches 1,230

TEHRAN March 5

Iran said on Thursday that 1,230 people have been killed in U.S. and Israeli strikes on the country since fighting began on Saturday.

The death toll was announced by Iran's Foundation of Martyrs and Veterans Affairs in a statement on its website.

On Wednesday, Iran's Health Ministry said that 6,186 people had been wounded in the strikes.

Hossein Kermanpour, head of the ministry's Public Relations and Information Center, said in a post on social media platform X that 2,054 people were hospitalized, 3,545 were treated and discharged, and 552 received medical care at the scene.

On Saturday, Israel and the United States launched joint attacks on Tehran and several other Iranian cities, killing Supreme Leader Ali Khamenei as well as members of his family, high-ranking military commanders, and civilians, according to Iranian officials. Iran responded with waves of missile and drone attacks targeting Israel and U.S. assets across the Middle East.

**Xinhua**

# Pakistan reports 1st wild polio case of 2026

ISLAMABAD March 5

Pakistan has confirmed its first wild polio case of 2026 in a four-year-old child in the country's southern Sindh province, the country's polio eradication authorities said on Thursday.

The case was detected in Sujawal district through the national polio surveillance network, the National Emergency Operations Center for Polio Eradication said in a statement.

Authorities said the Polio Eradication Initiative is analyzing the situation to determine the best response to prevent further transmission of the virus.

Pakistan remains one of the few countries in the world where the wild polio virus is still endemic. However, officials said that eradicating the disease remains within reach due to sustained immunization efforts.

In 2026, Pakistan has already conducted a nationwide anti-polio campaign that vaccinated more than 45 million children, while the next national campaign is scheduled for April.

**Xinhua**

# Children among 200 dead in mine collapse

KINSHASA March 5

More than 200 people have been killed, including dozens of children, in a major landslide at the Rubaya coltan mine in eastern Democratic Republic of the Congo (DR Congo), officials reported on Wednesday.

The disaster struck the Kasasa mining area in the Masisi territory of North Kivu province on Tuesday, following torrential rains. Around 70 children were among the victims, the Ministry of Mines said, adding that a large number of injured have been evacuated to health facilities in Goma.

According to Actualite, the victims included mainly artisanal coltan miners who were working inside hand-dug pits, as well as traders who had set up small stalls near the excavation site.

"There were many of us in the shaft. The earth started to fall little by little… In a few seconds, everything collapsed," a survivor told the news agency. Another miner noted they go down "without protection, without helmets, without engineers to check the ground's stability"because they have no alternative way to earn money.



Search and rescue operations are underway with elementary tools as teams try to find survivors, Actualite reported.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Hope for earlier detection of pancreatic cancer as scientists discover 'early warning signal' of deadly disease

Scientists are one step closer to treating pancreatic cancer after uncovering an 'early warning signal' of the deadly disease that appears years before symptom onset.

Researchers found that precancerous cells in the gland group together to create small 'neighbourhoods' inside the tissue.

These cell groups then target nearby immune cells, weakening the body's ability to fight off the disease at the very earliest stages of cancer development.

The findings, published in the journal Gastroenterology, could help scientists develop better ways to detect pancreatic cancer earlier – when treatment is most effective.

Pancreatic cancer is one of the deadliest forms of the disease, with just one in four patients living more than year after diagnosis.


It is typically diagnosed at a late stage, when treatment is difficult, because it causes few symptoms early on.


But there is hope that doctors will soon be able to detect the most common and deadliest form of the disease earlier, by looking at how lesions develop over time.

The study, led by experts at the Hebrew University of Jerusalem, used advanced imaging to examine both mice and human pancreatic tissue samples.

They found that pre-cancerous cells cluster together early on, inside lesions in the pancreas next to immune cells responsible for fighting off disease.

This close proximity facilitates gene expression patterns known to dampen immune activity, suggesting that immune evasion – the process by which cancer hides from the body's defence system – may begin long before cancer develops.





Dr Sharona Tornovsky–Babeay, immunologist and study co-author said: 'By understanding the process of lesion formation and development, we may be able to better identify high-risk lesions and, in the future, design strategies that intervenes before cancer fully develops.'

Crucially, the team observed similar cell grouping and immune responses in human tissue, strengthening the relevance of the findings beyond mice models.

Together, the researchers hope their findings offer a more detailed picture of the earliest changes in the development of pancreatic cancer, highlighting how immune interactions may shape disease outcome long before symptoms appear.

Experts still don't know exactly what causes the majority of cases, but have suggested smoking, alcohol use and obesity could all increase the risk of the disease.

The pancreas is a pear-shaped gland tucked behind the stomach, responsible for producing hormones that aid digestion and convert sugar into energy.

Because of its location and relatively small size, doctors often can't feel a pancreatic tumour during a physical exam, another barrier to early treatment.

And whilst getting older is one of the biggest risk factors for the silent killer, with almost half of cases diagnosed in over 75s, experts have warned it's on the rise in younger age groups – especially women.

The increase appears to be driven by pancreatic ductal adenocarcinoma, the most common and aggressive form of the disease, which experts focused on in this study.

Some suggest this may reflect better detection of earlier stage tumours, however others point to rising obesity rates and poor diets as potential drivers.

It comes as a landmark study published last week into the link between diet and cancer risk found vegetarians are 21 per cent less likely to develop the disease than meat-eaters.

There is existing evidence that eating a lot of red and processed meat may increase the risk of pancreatic cancer, due to the formation of nitrosamines upon cooking – compounds known to cause cancer.

But the fresh research suggested obesity could also play a role, with vegetarians tending to have a lower body-mass index score than meat eaters.

But experts say more research is needed to understand why and the evidence is not definitive.

**Mail Online**

## မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်စုစည်းသည်

# အရှေ့အလယ်ပိုင်း အမေရိကန်မဟာမိတ်နိုင်ငံများရှိ စစ်ရေးပစ်မှတ်များအတွက် ခြိမ်းခြောက်မှုအဖြစ်ထွက်ပေါ်လာသည့် အီရန်၏ရှာဘတ်ဒရုန်း

အီရန်နိုင်ငံသည် စစ်ပွဲစတင်ပြီးရက်ပိုင်းအတွင်းမှာပင် အမေရိကန်နှင့်အစ္စရေးတို့၏ ဖုံးကြဲတိုက်ခိုက်ခြင်းကို အကြီးအကျယ်ခံခဲ့ရသော်လည်း အီရန်တပ်မတော်အနေဖြင့် ရန်သူကိုလက်တုံ့ပြန်ရာတွင် ရန်သူ၏အင်အားကိုပြန့်ကျဲတီးစေသောစစ်ပွဲအသွင်အဖြစ်သို့ပြောင်းလဲ၍ ဆင်နွှဲလာခဲ့ပြီဖြစ်သည်။





အီရန်နိုင်ငံ၏ လှိုင်းလုံးသဏ္ဌာန်အဆက်မပြတ်ထွက်ပေါ်လာသည့် ဒရုန်းတိုက်ခိုက်မှုများသည် ဒေသတွင်းရှိ ဘာရိန်းနိုင်ငံမှစ၍ အာရပ်စော်ဘွားများပြည်ထောင်စုအထိရှိသော အမေရိကန်၏စစ်ရေးပစ်မှတ်များအပေါ် ဖိအားပေးတိုက်ခိုက်လာခြင်းကြောင့်အဆိုပါပင်လယ်ကွေ့နိုင်ငံများရှိအမေရိကန်၏ဆက်သွယ်ရေးစွမ်းဆောင်ရည်နှင့် လက်နက်ခဲယမ်းသိုလှောင်မှုများကို လျော့ပါးလာစေလျက်ရှိသည်ဟု ကမ္ဘာကျော်သတင်းစာကြီးတစ်စောင်ဖြစ်သည့် နယူးယောက်တိုင်းသတင်းစာက မတ်လ ၄ ရက်တွင် ဖော်ပြထားသည်။

အီရန်နိုင်ငံသည် ယခုသီတင်းပတ်အစပိုင်းမှစ၍ အရှေ့အလယ်ပိုင်းဒေသတစ်ဝန်းရှိ အမေရိကန်တပ်မတော်၏ ပစ်မှတ်များကို ရှာဘတ်အမျိုးအစား တိုက်ခိုက်ရေးဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များဖြင့် ဆက်လက်တိုက်ခိုက်လာခဲ့သည်။ သို့ရာတွင် ပဲ့ထိန်းဒုံးကျည်များနှင့်မတူညီသည့်အချက်မှာ ရှာဘတ်ဒရုန်းသည် ပဲ့ထိန်းဒုံးကျည်များကဲ့သို့ထုတ်လုပ်ရန်နှင့်ဖြန့်ကြက်ရန်အတွက် ကြီးမားလှသည့် အခြေခံအဆောက်အဦများ လိုအပ်ခြင်းမရှိဘဲ ပစ်ကပ်ကားတစ်စီး၏ နောက်ခန်းမှတစ်ဆင့် ရန်သူ၏ပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်ရန်အတွက် လွှတ်တင်နိုင်ခြင်းဖြစ်သည်။

ထို့ပြင် အီရန်နိုင်ငံသည် အဆိုပါရှာဘတ်ဒရုန်းများကို အကန့်အသတ်မရှိဆက်လက်ထုတ်လုပ်ပြီး အသုံးပြုပစ်ခတ်နိုင်ဖွယ်ရှိသောကြောင့် အမေရိကန်နှင့်မဟာမိတ်နိုင်ငံများအနေဖြင့် အီရန်၏အဆိုပါဒရုန်းတွေကိုမပစ်လွှတ်နိုင်မီ ကြိုတင်ဟန့်တားနိုင်စေရန်အတွက် ကြိုးပမ်းမှုများလုပ်ဆောင်ရန်လိုအပ်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အီရန်၏ အဆိုပါဒရုန်းများသည် အမေရိကန်စစ်အခြေစိုက်စခန်းများ၊ အမေရိကန်၏မဟာမိတ်နိုင်ငံများရှိ ရေနံထုတ်လုပ်ရေးအခြေခံအဆောက်အဦများနှင့် အခြားပစ်မှတ်များကို ထိမှန်ခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့များအနေဖြင့်လည်း အနာဂတ်ကာလတွင် အဆိုပါရှာဘတ်ဒရုန်းများ၏ တိုက်ခိုက်မှုကို ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့်အီရန်၏ရှာဘတ်အမျိုးအစားဒရုန်းများသည် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများအတွက် ထွက်ပေါ်လာသောအဓိကခြိမ်းခြောက်မှုတစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။ အဆိုပါဒရုန်းများ၏တိုက်ခိုက်မှုကြောင့် ဘာရိန်းနိုင်ငံရှိအမေရိကန်အမှတ် (၅) ရေယာဉ်စုအခြေစိုက်စခန်းတွင်ကြီးမားသော မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့ဖွယ်ရှိသည့်အပြင် ကူဝိတ်နိုင်ငံရှိ အမေရိကန်ကြည်းတပ်မတော်၏ ထောက်ပံ့ရေးစခန်းတွင်လည်း လူသေဆုံးမှုရှိသောတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ထို့ပြင် ဆော်ဒီအာရေဗျနှင့်ကူဝိတ်နိုင်ငံရှိ အမေရိကန်သံရုံးများကိုလည်း တိုက်ရိုက်ထိမှန်ခဲ့ပြီး ဘာရိန်းနိုင်ငံရှိ အမေရိကန်၏စစ်အခြေစိုက်စခန်းမှာလည်း ရှာဘတ်ဒရုန်း၏ အကြိမ်ကြိမ်တိုက်ခိုက်မှုကို ခံခဲ့ရသည်ဟုသိရသည်။

ပိုမိုဆိုးရွားသည့်အချက်မှာ အီရန်နိုင်ငံ၏ အဆိုပါဒရုန်းတစ်စင်းသည် ကာတာနိုင်ငံအတွင်းရှိအမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ ပဲ့ထိန်းဒုံးကျည်များကို ခြေရာခံထောက်လှမ်းနိုင်သည့် AN/FPS-132 အစောပိုင်းသတိပေးရေဒါစနစ်ကို ထိမှန်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့ပြင် အီရန်၏ရှာဘတ်ဒရုန်းများသည် အရှေ့အလယ်ပိုင်းဒေသအနှံ့အပြားရှိ ထိခိုက်လွယ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့အဆောက်အအုံများကိုလည်း စတင်ပစ်မှတ်ထားတိုက်ခိုက်နေခြင်းကြောင့် အမေရိကန်နှင့်နီးစပ်သည့် ဒေသတွင်းမဟာမိတ်နိုင်ငံများအနေဖြင့် ၎င်းတို့၏ရေနံနှင့်စွမ်းအင်စက်ရုံများကို ရပ်ဆိုင်းခဲ့ရသည်အထိ ခြိမ်းခြောက်လာပြီဖြစ်သည်။

သို့ရာတွင် အမေရိကန်ဒေါ်လာသန်းနှင့်ချီတန်ဖိုးရှိသော ပက်ထရီးယော့ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် အမေရိကန်ရေတပ်သုံး စတန်းဒက်ဒုံးကျည်များသည် အီရန်၏ရှာဘတ်ဒရုန်းအား ဟန့်တားကာကွယ်ရာတွင် ထိရောက်မှုရှိသော်လည်း အမေရိကန်တပ်မတော်၌ လက်ဝယ်ရှိနေသည့်အရေအတွက်မှာ နည်းပါးလျက်ရှိသည်ဟုဆိုသည်။

အခြားတစ်ဖက်တွင်မူ အီရန်နိုင်ငံအနေဖြင့် ၎င်းတို့၏ ဒရုန်းသိုလှောင်ရုံများတွင် ရှာဘတ်ဒရုန်းများကို အရေအတွက်မည်မျှအထိ သိုလှောင်ထားသည်သို့မဟုတ် အီရန်အနေဖြင့် တစ်လလျှင် အဆိုပါဒရုန်းအရေအတွက် မည်မျှအထိထုတ်လုပ်နိုင်သည်ဆိုသည်ကိုမူ တိတိကျကျမသိရသေးသောကြောင့် အဆိုပါဒရုန်းများသည် အရှေ့အလယ်ပိုင်းနှင့်အမေရိကန်၏မဟာမိတ်နိုင်ငံများရှိ အမေရိကန်တို့၏ပစ်မှတ်များအား ဆက်လက်ခြိမ်းခြောက်မည့် အလားအလာရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **Ref: Ivı Scmpı forbes**

# တဲလ်အဗစ်မြို့ရှိ ဘင်ဂူးရီးယန်းလေဆိပ်အား အီရန်က ခိုရမ်ရှား-၄ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

အီရန်နိုင်ငံသည် မတ်လ ၅ ရက် နံနက်အစောပိုင်းတွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ ဘင်ဂူးရီးယန်းလေဆိပ်အား ခိုရမ်ရှား-၄ အမျိုးအစား ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရန်မီဒီယာတစ်ခုက ထုတ်ပြန်သည်။

ခိုရမ်ရှား-၄ အမျိုးအစားဒုံးကျည်သည် အကွာအဝေး ၂၀၀၀ ကီလိုမီတာအထိ ပစ်ခတ်ရောက်ရှိနိုင်ပြီး အလေးချိန်တစ်တန်ခွဲရှိထိပ်ဖူးများကို သယ်ဆောင်နိုင်စွမ်းရှိပြီး အစ္စရေးနိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုရှောင်ရှားနိုင်စေရန် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံသည် အဆိုပါဒုံးကျည်ကို ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် မေလအတွင်းက ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

ခိုရမ်ရှား-၄ အမျိုးအစား ဒုံးကျည်ကို တဲလ်အဗစ်မြို့လယ်ကောင်ရှိဘင်ဂူးရီးယန်းလေဆိပ်နှင့် အဆိုပါလေဆိပ်တွင်တပ်စွဲထားသည့် အစ္စရေးအမှတ် (၂၇) လေတပ်အခြေစိုက်စခန်းကို ပစ်မှတ်ထားခြင်းဖြစ်သည်ဟု အီရန်အစ္စလာမ်မစ်အစောင့်တပ်ဖွဲ့ကပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Sputnik**

# အမေရိကန်ရေတပ်သင်္ဘောများက အိန္ဒိယဆိပ်ကမ်းများကို အသုံးပြုနေသည်ဟူသောပြောကြားချက်ကို အိန္ဒိယငြင်းဆို



အရှေ့အလယ်ပိုင်းတွင် အီရန်နှင့်ဖြစ်ပွားနေသောစစ်ပွဲအတွင်း အမေရိကန်ရေတပ်သင်္ဘောများက အိန္ဒိယဆိပ်ကမ်းများကို အသုံးပြုနေသည်ဟူသောပြောကြားချက်ကို အိန္ဒိယနိုင်ငံက ငြင်းဆိုလိုက်ကြောင်းသိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အိန္ဒိယအပေါ် မှီခိုအားထားနေရသည်ဟု အမေရိကန်ကြည်းတပ်မတော်မှ အငြိမ်းစားဗိုလ်မှူးကြီးဒေါက်ဂလပ်မက်ဂရီဂေါ်က ယခုသီတင်းပတ်အစောပိုင်းတွင် One America သတင်းကွန်ရက်သို့ ပြောကြားပြီးနောက် အိန္ဒိယနိုင်ငံ၏ငြင်းဆိုချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်တပ်မတော်၏ အခြေစိုက်စခန်းများအားလုံးဖျက်ဆီးခံလိုက်ရသည့်အပြင် ဆိပ်ကမ်းအဆောက်အအုံများလည်း ပျက်စီးသွားပြီဖြစ်သောကြောင့် မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံနှင့် ၎င်းတို့၏ဆိပ်ကမ်းများကိုသာ အားကိုးအားထားပြုပြီး ဆုတ်ခွာနေရကြောင်း၊ အဆိုပါအခြေအနေသည် အကောင်းဆုံးအခြေအနေမဟုတ်သော်လည်း အမေရိကန်ရေတပ်က ယခုကဲ့သို့ပြောကြားထားကြောင်း မက်ဂရီဂေါ်ကဆက်လက်ပြောကြားသည်။

မက်ဂရီဂေါ်၏ အဆိုပါပြောဆိုချက်များသည် သီရိလင်္ကာနိုင်ငံကမ်းလွန်တွင် အမေရိကန်က အီရန်မှဖရီးဂိတ်စစ်သင်္ဘောတစ်စင်းကိုနှစ်မြှုပ်ခြင်းမပြုမီရက်ပိုင်းအလိုတွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး ၎င်း၏မှတ်ချက်ပြုပြောကြားချက်များကို အိန္ဒိယနိုင်ငံက ပြတ်ပြတ်သားသားပယ်ချခဲ့ကြောင်းသိရသည်။

**Ref: RT**

# အီရန်တိုက်ခိုက်မှုကြောင့် ပါရှန်းပင်လယ်ကွေ့အတွင်းရှိ အမေရိကန်ရေနံတင်သင်္ဘောတစ်စင်း မီးလောင်ပျက်စီး



အီရန် အစ္စလာမ် မစ် တော် လှ န် ရေး အစောင့်တပ်ဖွဲ့သည် ပါရှန်းပင်လယ်ကွေ့အတွင်းရှိ အမေရိကန်ရေနံတင်သင်္ဘောတစ်စင်းကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အီရန်အစ္စလာမ်မစ် တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အဆိုပါ အမေရိကန်ရေနံတင်သင်္ဘောမှာ မီးလောင်ပျက်စီးသွားကြောင်း အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က မတ်လ ၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် လက်ရှိတွင် ဟော်မုဇ်ရေလက်ကြားသည် အီရန်နိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင်ရှိနေပြီး အမေရိကန်၊ အစ္စရေးနှင့် ဥရောပနိုင်ငံများမှ သင်္ဘောများကို ဖြတ်သန်းခွင့်ပြုမည်မဟုတ်ကြောင်း အီရန်အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ကထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Sputnik**

# နီပေါနိုင်ငံရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်လာရောက်မဲပေး

**ခတ္တမန္ဒူ၊ နိုင်ငံရေး**

နီပေါနိုင်ငံ၌ မတ်လ ၅ ရက်တွင် ကျင်းပခဲ့သောရွေးကောက်ပွဲအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့် လာရောက်မဲပေးခဲ့ကြကြောင်း ရွေးကောက်ပွဲကော်မတီ၏ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်။

ရွေးကောက်ပွဲတွင်စုစုပေါင်းမဲပေးပိုင်ခွင့်ရှိသူ ၁၈၉၀၃၆၈၉ ဦးရှိပြီး အောက်လွှတ်တော်ရှိ အမတ်နေရာ ၂၇၅ နေရာအတွက် ပါတီစုံနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း စုစုပေါင်း ၆၅၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

ယခုကျင်းပခဲ့သည့်ရွေးကောက်ပွဲသည် ပြီးခဲ့သည့်စက်တင်ဘာလက ဖြစ်ပွားခဲ့သည့်အကြမ်းဖက်မှုများပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်ကျင်းပသည့်ရွေးကောက်ပွဲဖြစ်လာခဲ့သည်။

ရွေးကောက်ပွဲတွင် တိုက်ရိုက်ရွေးကောက်တင်မြှောက်သည့် မဲဆန္ဒနယ် ၁၆၅ ခု၏ရလဒ်များကို နှစ်ရက်အတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်ကပြောကြားထားကြောင်းသိရသည်။ **Ref: Xinhua, RT**



# စစ်အေးကာလ နျူကလီးယားထိပ်ဖူးများမှ ပစ္စည်းများကိုအသုံးပြု၍ နျူကလီးယားထိပ်ဖူး အသစ်များထုတ်လုပ်မည်ဟု ပြင်သစ်ပြော

**ပဲရစ်၊ ကာကွယ်ရေး**

ပြင်သစ်နိုင်ငံအနေဖြင့် စစ်အေးကာလတွင်အသုံးပြုခဲ့သည့် နျူကလီးယားထိပ်ဖူးများမှ ဖြုတ်သိမ်းရရှိထားသောပစ္စည်းများကိုအသုံးပြု၍ နျူကလီးယားထိပ်ဖူးအသစ်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လက်နက်ကိုင်တပ်ဖွဲ့များရေးရာဝန်ကြီး ကက်သရင်းဗော့ထရန်က ပြောကြားလိုက်ကြောင်းသိရသည်။

ပြင်သစ်နိုင်ငံသည် စစ်အေးတိုက်ပွဲအပြီးဖြုတ်သိမ်းခဲ့သော နျူကလီးယားထိပ်ဖူးများမှ ယူရေနီယံနှင့် ပလူတိုနီယံကဲ့သို့သော နျူကလီးယားဓာတ်ပြုပစ္စည်းများကိုထိန်းသိမ်းထားရှိကြောင်း ဗော့ထရန်က မတ်လ ၄ ရက်တွင် Le Dauphin Libere သတင်းစာနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုထုတ်ပြန်ကြေညာသည့်အစီအစဉ်သည် သမ္မတအီမန်နျူရယ်မက်ခရွန်၏ အဆင့်မြင့် နျူကလီးယားဟန့်တားရေးစနစ်မူဝါဒသစ်အရဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Iv**





# အရှေ့အလယ်ပိုင်းဒေသ၏ ဆိုးရွားလာနေသော အခြေအနေနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိဟု ရုရှားပြော

**မော်စကို၊ နိုင်ငံရေး**

အရှေ့အလယ်ပိုင်းဒေသ၏ ဆိုးရွားလာနေသောအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၅ ရက်တွင် ထုတ်ပြန်သည်။

အီရန်နိုင်ငံအပေါ် စစ်ဆင်ရေးဆင်နွှဲနေသည့် အမေရိကန်နှင့်အစ္စရေးတို့သည် ၎င်းတို့၏တိုက်ခိုက်မှုများကို ရပ်တန့်မည့်အရိပ်အယောင်မျိုးမတွေ့ရကြောင်း ရုရှားဝန်ကြီးဌာနကထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယခုလုပ်ဆောင်လျက်ရှိသည့် စစ်ဆင်ရေးကို လုပ်ကြံဖန်တီးထားသောအကြောင်းပြချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်ဟု ရုရှားက ဆက်လက်ပြောကြားထားသည်။

ထို့အတူ အစ္စလာမ်ကမ္ဘာအတွင်း သွေးကွဲစေရန်နှင့် အီရန်နိုင်ငံကို လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်လာစေရန်အတွက် အမေရိကန်နှင့်အစ္စရေးနိုင်ငံတို့က ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်လျက်ရှိကြောင်း၊ ထိုသို့လှုံ့ဆော်မှုကြောင့် အာရပ်နိုင်ငံအချို့ရှိအဆောက်အအုံများတွင် လူသေဆုံးမှုနှင့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း ရုရှားဝန်ကြီးဌာနကပြောကြားသည်။

ထိုသို့သောလုပ်ရပ်များသည် အာရပ်နိုင်ငံများကို ပြင်ပအကျိုးစီးပွားအတွက် အသုံးချမည့် စစ်ပွဲအတွင်းသို့ဆွဲသွင်းရန်နှင့် ပါလက်စတိုင်းပြည်သူတို့ ရင်ဆိုင်နေရသော ကပ်ဘေးဆိုက်နေသည့်ဒုက္ခများအပေါ် အာရုံလွှဲရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပင်လယ်ကွေ့ဒေသရှိ အာရပ်နိုင်ငံများ၏ နယ်မြေများအပေါ် တိုက်ခိုက်မှုများအပါအဝင် ရန်လိုသည့် လုပ်ရပ်များအားလုံးကို ချက်ချင်းရပ်တန့်ရန် ရုရှားက သက်ဆိုင်ရာနိုင်ငံများကို တိုက်တွန်းထားကြောင်းသိရသည်။

**Ref: Xinhua**

# အမေရိကန်အထက်လွှတ်တော်ကြားနာပွဲတွင် အီရန်စစ်ပွဲ ဆန့်ကျင်ရေးနှင့်စပ်လျဉ်း၍ ရုန်းရင်းဆန်ခတ်ဖြစ်ပွား



**ဝါရှင်တန်၊ စစ်ပွဲဆန့်ကျင်ရေး**

အမေရိကန်ပြည်ထောင်စု လွှတ်တော်အဆောက်အအုံ၌ မတ်လ ၄ ရက်တွင် ကျင်းပသည့် အထက်လွှတ်တော်ကြားနာပွဲတစ်ခုအတွင်း အီရန်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြသူတစ်ဦးနှင့် အထက်လွှတ်တော်အမတ်တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် မြောက်ကာရိုလိုင်းနားပြည်နယ် အထက်လွှတ်တော်အမတ်လောင်းနှင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဘရိုင်ယန်မက်ဂင်းနစ်သည် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့မှ အဖွဲ့ဝင်များလာရောက်ထွက်ဆိုသည့် အထက်လွှတ်တော်လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာဆပ်ကော်မတီကြားနာပွဲ ကျင်းပနေစဉ်အတွင်း ကြွေးကြော်သံများအော်ဟစ်၍ ဆန္ဒပြခဲ့ရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခြင်းဖြစ်သည်။

ယင်းနောက်တွင် လွှတ်တော်အဆောက်အအုံရှိ ရဲအရာရှိသုံးဦးနှင့် အထက်လွှတ်တော်အမတ်တစ်ဦးဖြစ်သူ တင်ရှီးဟီးတို့က မက်ဂင်းနစ်ကို ကြားနာပွဲကျင်းပနေသည့်အခန်း၏ပြင်ပသို့ ခေါ်ထုတ်ရန်ကြိုးပမ်းစဉ် မက်ဂင်းနစ်က အစ္စရေးနိုင်ငံအတွက် မည်သည့်အမေရိကန်နိုင်ငံသားမျှ တိုက်ပွဲမဝင်လိုကြောင်း အော်ဟစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် မက်ဂင်းနစ်သည် ၎င်းအားအခန်းအတွင်းမှခေါ်ထုတ်ရန် ကြိုးပမ်းသည့် ရဲအရာရှိများကို အကြမ်းဖက်ခုခံတွန်းလှန်ခဲ့ခြင်းကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။ ထို့ပြင် မက်ဂင်းနစ်သည် ရဲအရာရှိများကို ကိုယ်ထိလက်ရောက်ကျူးလွန်မှုသုံးမှုအပြင် ရဲတပ်ဖွဲ့၏ဖမ်းဆီးမှုကိုခုခံခြင်း၊ လူစုလူဝေးဖြစ်ပေါ်စေခြင်း၊ နှောင့်ယှက်ခြင်းနှင့် တရားမဝင်ဆန္ဒပြမှုနှင့် အဟန့်အတားဖြစ်စေခြင်းစသည့် စွဲချက်သုံးမှုတို့နှင့်ရင်ဆိုင်နေရကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

**Ref: RT**

# မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်သံဃာတော်များအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဆွမ်းလောင်းလှူ



မုံရွာ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် နှစ်တိုက်မှ ဆရာတော်သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင်ကျောင်းတိုက်လေးတိုက်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝင်းအတွင်း ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ လာရောက်လောင်းလှူကြသည့်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးနှင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာဆရာတော်သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့် ဝတ္ထုငွေများလောင်းလှူကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချင်းတွင်းခန်းမ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အကြိုအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးက ကော်မတီက ဆောင်ရွက်နေသည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တက်ရောက်လာသူများနှင့်အတူ ၂၀၂၆ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်းခင်းကျင်းပြသထားသည့် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေးပြခန်းအား လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



စစ်တွေ မတ် ၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ်လ ၃ ရက် နံနက်ပိုင်းက မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မာန်အောင်မြို့ ရှေးဟောင်းသမိုင်းဝင်ရန်အောင်မြင်စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ အလှူငွေများထည့်ဝင်လှူဒါန်းကာ မာန်အောင်မြို့၌ စစ်တွေမြို့ မဟာဇေယျ သိဒ္ဓိအဓိဋ္ဌာန် ဆရာတော်ကြီးဦးဆောင်တည်ထားလျက်ရှိသော ဉာဏ်တော်အမြင့် ၁၀၈ ပေရှိ ထိုင်တော်မူ လောကဥဿျှောင်ဘုရားကြီးတည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုကြပြီး ဘုရားကြီးတည်ဆောက်ရန်အတွက် အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် မာန်အောင်မြို့ မြို့မကျောင်းကြီးဘုန်းတော်ကြီးကျောင်းတိုက်သို့သွားရောက်၍ မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးများအားဖူးမြော်ကာ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မာန်အောင်မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ၂၄ နာရီ မီးရရှိနိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် 100 KVA ဆိုလာမီးများ တပ်ဆင်ပေးထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးကာ ဆရာဝန်၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံးအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်ထားရှိမှု၊ မာန်အောင်မြို့ ဆိပ်ခံတံတားအနီး သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှု၊ မြို့မစည်ပင်သာယာဈေးအတွင်း ဟင်းသီးဟင်းရွက်ဈေးတန်းနှင့် အသားဈေးတန်းကိုအသစ်ပြန်လည်တည်ဆောက်နေမှုတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး ဈေးသူဈေးသားများ ဈေးရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မတ်လ ၄ ရက်နံနက်ပိုင်းတွင်မာန်အောင်မြို့နယ် မျှော်တော်ဦး ရေတပ်အဝင်လမ်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန်မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ၅-၃-၂၀၂၆ ထူးခြားသည့်နေ့အပူချိန်များ

| | | | |
|---|---|---|---|
| ချောက် | ၃၈ ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၇ ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၇ ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၆ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |

## ၅-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ(၆,၉၀၀,၀၀၀)** ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၅

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ မြစ်ကြီးနားမြို့ရှိ သံဃာတော် ၂၄ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



သာသနာ့နွယ်ဝင်သီလရှင်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

(၁၀၀)

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကုဏ္ဍဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မတ် ၅

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြစ်ကြည့်တိုက်၊ ရုပ်စုံကျောင်း ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုဏ္ဍဝံသ၊ သက်တော်(၉၀)နှစ်၊ သိက္ခာ (၆၉)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ (၄-၃-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ ည ၁၀ နာရီ ၃၂ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **မြဝတီ**



**နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြစ်ကြည့်တိုက်၊ ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကုဏ္ဍဝံသ၏ ထေရုပ္ပတ္တိအကျဉ်း**

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ထောင့်ကြီးကျေးရွာ၊ ခမည်းတော် ဦးသက်ရှည် + မယ်တော် ဒေါ်ရွှေမြိုင်တို့မှ ၁၂၉၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်တွင် ညောင်ဦးမြို့နယ်၊ ထောင့်ကြီးကျေးရွာ၊ ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် ညောင်ဦးမြို့၊ တောင်ရနောင်ကျေးရွာ၊ ရွာဦးကျောင်း ခဏ္ဍာသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြုလျက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ရေနံချပ်ကျေးရွာ၊ ဦးမောင်ကွန်း၊ ဒေါ်ဖွားမြစ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ညောင်ဦးမြို့နယ်၊ တောင်ရနောင်ကျောင်းဆရာတော်ဘဒ္ဒန္တကောသလ္လ၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်စာချဆရာတော်များ၊ မန္တလေးမြို့၊ ချမ်းသာကြီးမြောက်တိုက်စာချဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသော ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ညောင်ဦးမြို့နယ်၊ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနဝတာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာ ၆၉ ဝါအရ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ (၄-၃-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ ည ၁၀ နာရီ ၃၂ မိနစ် အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Linn" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အောင်ညီသာကျေးရွာနေ ရဲလင်းဟန်အား ည ၁၁ နာရီတွင် ပြည်မြို့၊ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

⇨ ကျောဖုံးမှအဆက်

ထွက်ပေါ်ခဲ့သည်။ မတ်လ ၃ ရက်က ပထမခြေစမ်းပွဲတွင် အိန္ဒိယ ယူ -၁၇ အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယနေ့ ဒုတိယခြေစမ်းပွဲ၌ နှစ်ဖက်သရေဖြင့် ပွဲစဉ်ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ပထမခြေစမ်းပွဲတွင် မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည့် မြင့်မြတ်ကိုကိုနှင့် တိုက်စစ်ကစားသမားများက ဒုတိယခြေစမ်းပွဲတွင်လည်း အကောင်းဆုံးကစားခဲ့ကြပြီး ဂိုးမပေးရရေးအတွက် ရှေ့နောက်ဆင်း၍ ကစားနိုင်ခဲ့ကာ အိန္ဒိယနောက်တန်းခံစစ်ကို ထိုးဖောက်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သည်။

မြန်မာနောက်ခံကစားသမားများကလည်း ဂိုးမပေးရရေးအတွက်အနာခံကစားခဲ့ကြပြီး ပွဲပြီး၍ အချိန်ပို သုံးမိနစ်တွင် မြန်မာအသင်းက ပြစ်ဒဏ်ဘောနှင့် ထောင့်ကန်ဘောရရှိခဲ့သော်လည်း အခွင့်အရေးကို အသုံးမချနိုင်ခဲ့သဖြင့် သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ဓာတ်ပုံ - ဇော်မင်းလတ်

ညိမ်းသူ(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၅

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ (မိုး/ဇလ)

# ကော့ကရိတ်မြို့နယ်တွင် တစ်ပိုင်တစ်နိုင်ဖူးစားပြောင်းများ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်း

ကော့ကရိတ် မတ် ၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်တန်းကျေးရွာတွင် နေထိုင်သူများသည် ကိုင်းမြေ၊ ဥယျာဉ်မြေတို့၌ တစ်ပိုင်တစ်နိုင် ဖူးစားပြောင်းများ စိုက်ပျိုးကြသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေ၍ အပိုဝင်ငွေများရရှိကြောင်း သိရသည်။

ရာသီအလိုက်အောင်မြင်ဖြစ်ထွန်းသည့် သီးနှံမျိုးစုံကို စိုက်ပျိုးရေးအရောင်းဆိုင်များ၌ မျိုးစေ့ထုပ်များ ဝယ်ယူစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ သီးနှံများဈေးကောင်း ရရှိရေးအတွက် အပင်အားဆေးများ အချိန်မှန်ကျွေးရပြီး၊ အပင်များရှင်သန်ရေးအတွက် မြက်ပင်များ ပေါင်းသင်ရှင်းလင်းရကြောင်း၊ ပိုးမွှားအန္တရာယ်များမကျရအောင် ဂရုစိုက်စောင့်ကြည့်ရကြောင်း၊ ဖူးစားပြောင်းဈေးကောင်းရရှိရေးအတွက် အဖူးကင်းများ လက်ကြားလိုက်ရကြောင်း၊ အဖူးကင်းများ အလေအလွင့်မဖြစ်ဘဲ ဖောက်သည်များက တစ်စည်း ၄၀၀ ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူကြကြောင်း၊ တစ်ပိုင်တစ်နိုင် ဖူးစားပြောင်းစိုက်ပျိုးခြင်းမှ မိသားစုစားဝတ်နေရေးလွယ်ကူအဆင်ပြေကြောင်း ပြောင်းဖူးစိုက်တောင်သူထံမှ သိရသည်။ (၄၀၆)

# ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ကေများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

ကျွန်းလှ မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုအခါ မြေပဲစိုက်ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ရာ စုစုပေါင်း ၁၀၇၂၂၁ တင်းထွက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲစိုက်ပျိုးဖို့ ၁၃၈၉၆ ကေလျာထားပြီး ၁၄၂၄၅ ကေစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါမှာ စိုက်ကေအားလုံးရိတ်သိမ်းပြီး တစ်ကေ ၇၅ ဒသမ ၂၇ တင်းထွက်ရှိပါတယ်။ ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် ဒေသရာသီဥတုနဲ့ကိုက်ညီတဲ့ မြေပဲမျိုးများဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးနဲ့ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ ကွင်းဆင်းအသိပညာပေးခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံများကို မိုးရာသီနှင့် ဆောင်းရာသီတွင် အဓိကစိုက်ပျိုးကြကြောင်း၊ ယခုနှစ်၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ ၁၄၂၄၅ ကေ၊ နှမ်း ၁၄၀၃၇ ကေ၊ နေကြာ ၁၂၃၁ကေ၊ ပန်းနှမ်း ၅၃၁၅ ကေ၊ မုန်ညင်းစေ့ ၄၅၂ ကေ စုစုပေါင်းကေ ၃၅၂၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

❒ **ကျောဖုံးမှအဆက်**

၃။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း(Handset)များကို အခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက်ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။ အဆိုပါခွင့်ပြုစာရင်းတွင်ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT၊ ATOM၊ U9၊ Mytel) များ၏ SIM Card များကို မိုဘိုင်းလက်ကိုင်ဖုန်း (Handset) အတွင်းထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များနှင့် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှတင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်လျှောက်ထား၍ တရားဝင်တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကိုပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ခွင့်ပြုစာရင်းတွင် မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်း(Handset) များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း (၃၀) အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့်ဒဏ်ကြေးများပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်။

၆။ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ မိုဘိုင်းလက်ကိုင်ဖုန်း(Handset)၏ မူရင်းအမှတ်အသား (International Mobile Equipment Identity – IMEI) ကို ထည့်သွင်းပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၇။ နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန်ခက်ခဲသောဒေသများရှိ ပြည်သူများအတွက် အဆိုပါဒေသရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

# မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စွန့်ပစ်ပစ္စည်းများကို သဘာဝမြေသြဇာအဖြစ် အသုံးပြုခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(အရှေ့ပိုင်း) မြို့နယ်ရှိ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာ၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စွန့်ပစ်ပစ္စည်းများအား သဘာဝမြေသြဇာအဖြစ် အသုံးပြုခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်ခြင်းတို့ကို မတ်လ ၄ ရက်က ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ဒဂုံမြို့သစ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်မိုးက မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်စေသောအကြောင်းရင်းများ၊ မီးခိုးမြူငွေ့တို့၏ပျံ့လွင့်နိုင်မှု၊ ညစ်ညမ်းမှုမှတစ်ဆင့် ဖြစ်ပေါ်နိုင်သောဆိုးကျိုးများ၊ ထိန်းချုပ်လျှော့ချရေးဆောင်ရွက်နိုင်မှုများကို အသိပညာပေးခြင်းနှင့် မမြင်နိုင်သော လူသတ်သမား $PM_{2.5}$ အကြောင်းသိကောင်းစရာအသိပညာပေးဗီဒီယိုပြသခြင်းတို့ဆောင်ရွက်သည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား နိုင်ငံအတွင်း မီးခိုးမြူငွေ့အန္တရာယ်ဝိုင်းဝန်းစုပေါင်း တို့ကာကွယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ ကျေးရွာရှိ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများနှင့် လူနေအိမ်များမှထွက်ရှိသောအမှိုက်များကို သဘာဝမြေသြဇာပြုလုပ်၍ ပြန်လည်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

အေးမဥ္ဇူ

# ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အသိပညာပေးဟောပြောပွဲကျင်းပ



**သဲကုန်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ မတ်လ ၅ ရက်နံနက် ၉ နာရီတွင် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့်အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ပြိုင်ပွဲကျင်းပပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လူငယ်များအနေဖြင့် ဗလငါးတန်ကြွယ်ဝစေရန်၊ လူငယ်နှင့်ခေါင်းဆောင်မှုအခန်းကဏ္ဍ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များထားရှိရန်၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်၊ မသန်စွမ်းသူများ၏အခွင့်အရေးများ စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စကားပုံဆက်ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသောကျောင်းသား၊ ကျောင်းသူများနှင့် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရဆုလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

# ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး


**မိုင်းပန် မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ညောင်ခမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ်လ ၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ညောင်ခမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာအသုံးပြုကြရန်ဆွေးနွေးပြောကြားသည်။

ညောင်ခမ်းကျေးရွာတွင် လမ်းအရှည်ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅ သန်း အသုံးပြု၍ မိုင်းပန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# ပြည်မြို့နယ် တီတွက်(ရွာမ) ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပြည် မတ် ၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ထမ္မကောက်ကျေးရွာအုပ်စု တီတွက်(ရွာမ) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ခွင့်ပြုငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ်လ ၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်နှင့်အင်ဂျင်နီယာဝန်ထမ်းများက တီတွက် (ရွာမ) ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Pipe Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များအား ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

ပြည်မြို့နယ် တီတွက်(ရွာမ)ကျေးရွာ၌ အရှည်ပေ ၂၀၇၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ အချင်း ၁ ဒသမ ၅ ပေ၊ အရှည်ပေ ၂၀ ရှိ Pipe Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၂ ဒသမ ၄၇ သန်းဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်



မိတ္ထီလာ မတ် ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာတက္ကသိုလ် အားကစားခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်လင်း၊ စစ်တုရင်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာသိန်းသိန်းဝင်းနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲတွင် မြန်မာစာ၊ ဘူမိဗေဒ၊ ရုက္ခဗေဒ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဥပဒေပညာနှင့် စီးပွားရေးပညာဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၆၀၂)

# သဲကုန်းမြို့နယ်၌ ယခုနွေစပါးစိုက်ပျိုးရာသီတွင် စပါးဧက ၁၇၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

သဲကုန်း မတ် ၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ရှိ ဒေသခံတောင်သူများ အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ယခုနွေစပါး စိုက်ပျိုးရာသီတွင် စပါးမျိုးကောင်းမျိုးသန့်တိုးပွားစေရန်၊ ဒေသတွင်း စားရေရိက္ခာ ဖူလုံစေရန်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စပါးဧက ၁၇၀၀၀ ကျော် စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။



သဲကုန်းမြို့နယ်ရှိ ဒေသခံတောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စနစ်တကျစိုက်ပျိုးခြင်းနည်းများဖြင့် စိုက်ပျိုးကြပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်ရာတွင် တမံပိတ်စနစ်၊ ဆည်ရေသောက်စနစ်၊ ဆိုလာရေတင်စနစ်၊ ချောင်းပိတ်စနစ်နှင့် စပါးစိုက်ဧကများတွင် ငါးမွေးမြူသည့်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိရာ လက်ရှိတွင် ၇၇၃၂ ဧကစိုက်ပျိုးပြီးဖြစ်ကာ တောင်သူများအနေဖြင့် ရတနာတိုး၊ ဗီယက်နမ်၊ ရက်-၉၀၊ YSR(1)၊ မနောသုခ၊ ထိုင်းနှံကောက်နှင့် ရေဆင်းပေါ်ဆန်းစပါးမျိုးများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

သဲကုန်းမြို့နယ် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် နွေစပါးပန်းတိုင်အထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးကူညီပေးခြင်း၊ မြေသြဇာများကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးခြင်းဖြင့် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

# မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းဆောင်ရွက်

ဝါးခယ်မ မတ် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြို့မစည်ပင်သာယာဈေး၌ မတ်လ ၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်သည်။



ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ အရေးပေါ်အခြေအနေတွင် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတိုးနိုင်ဦးက ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့မှ တာဝန်ရှိသူများက ဈေးအတွင်းရှိ ဆိုင်ခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် မီးဘေးအန္တရာယ်နှင့်တွေ့ကြုံလာပါက မှန်ကန်သောနည်းလမ်းဖြင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ (ပြန်/ဆက်)

# တောင်ဥက္ကလာပမြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ရန်ကုန် မတ် ၅


ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်း ရပ်ကွက်အသီးသီးရှိ မွေးကင်းစမှအသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား တစ်လလျှင်တစ်ကြိမ် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို မတ်လ ၅ ရက်တွင် အမှတ် (၆)ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှဝန်ထမ်းများက မြို့နယ်အတွင်း ရပ်ကွက်အသီးသီးရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား အဆုတ်တီဘီ၊ ငါးမျိုးစပ်(BCG)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ မေးခိုင်၊ ဝက်သက်ရောဂါကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးပေးသည်။

တောင်ဥက္ကလာပမြို့နယ်မှ ရပ်ကွက် ၁၃ ရပ်ကွက်ရှိ ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက အပတ်စဉ် ကြာသပတေးနေ့တိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# မန်ယူအသင်းမှ ထွက်ခွာမည့် ကက်စ်မဲရိုးကို ဂျူဗင်တပ်စ်အသင်းနှင့် အေစီမီလန်အသင်းတို့က အပြိုင်ခေါ်ယူရန်စီစဉ်




ရောမ မတ် ၅

ယခုဘောလုံးရာသီအကုန်တွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ထားသည့် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးကို စီးရီးအေထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့က အပြိုင်ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၃၄ နှစ်အရွယ် ကက်စ်မဲရိုးသည် ၂၀၂၂ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် မန်ယူအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

ကက်စ်မဲရိုးကိုယ်တိုင်ကလည်း မန်ယူအသင်းမှ ထွက်ခွာခဲ့ပါက ၎င်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက မြင့်မားသည့်လုပ်ခလစာများဖြင့် ခေါ်ယူလိုနေသော်လည်း ကက်စ်မဲရိုးကိုယ်တိုင်က ဥရောပ၌သာ ဆက်လက်ကစားလိုသည့်အတွက် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့က အပြိုင်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

အေစီမီလန်အသင်းက ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရီးယဲလ်မက်ဒရစ်အသင်းမှ ဝါရင့်ကွင်းလယ်ကစားသမား မိုဒရစ်ကိုခေါ်ယူပြီး နောက်ထပ်တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသည့်အတွက် အသင်းကွင်းလယ်ပိုင်းတွင် မိုဒရစ်နှင့်တွဲဖက်ကစားရန် ကက်စ်မဲရိုးကို ခေါ်ယူလိုနေခြင်းဖြစ်ကာ ကက်စ်မဲရိုးကိုယ်တိုင်က အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုပါက ရီးယဲလ်မက်ဒရစ်အသင်းကွင်းလယ်အတွဲအဖက်ကို အေစီမီလန်အသင်းတွင် ပြန်လည်တွေ့မြင်ရဖွယ်ရှိနေသည်။

ကက်စ်မဲရိုးကိုယ်တိုင်ကလည်း အသင်းဖော်ဟောင်း မိုဒရစ်နှင့် ပြန်လည်တွဲဖက်ကစားရမည့်အခွင့်အရေးအတွက် အေစီမီလန်အသင်းကို ရွေးချယ်ဖွယ်ရှိနေသည်။

ကက်စ်မဲရိုးသည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းကွင်းလယ်ပိုင်း၌ အဓိကကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြလျက်ရှိနေပြီး ပြိုင်ပွဲစုံ ၂၇ ပွဲ ကစားရာတွင် ငါးဂိုးသွင်းယူထားနိုင်ခဲ့ကြောင်း သိရသည်။

***Ref;One Football***

# ဒေါ့မွန်အသင်းက အဒီယီမီအား သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းသော်လည်းပယ်ချခံရ

ဘာလင် မတ် ၅

ဒေါ့မွန်အသင်းက အသင်းမှကွင်းလယ်ကစားသမား အဒီယီမီအား သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုလုပ်ဆောင်သော်လည်း အဒီယီမီကိုယ်တိုင်က ပယ်ချခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် အဒီယီမီသည် ၂၀၂၂ ခုနှစ်က ဆဲလ်ဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် ဒေါ့မွန်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေခြင်းဖြစ်သည်။

လက်ရှိတွင် ဒေါ့မွန်အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် အဒီယီမီအား လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူလိုသဖြင့် အဒီယီမီကိုယ်တိုင်က အသင်းမှ ထွက်ခွာမည်ဖြစ်၍ သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းကလည်း သက်တမ်းတိုးစာချုပ်မချုပ်ဆိုနိုင်ပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရနိုင်သည့်အခြေအနေများကြောင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လက်လွှတ်ရဖွယ်ရှိကြောင်း သိရသည်။

***Ref;Fotmob***

# ရီးယဲလ်မက်ဒရစ်အသင်းနည်းပြသစ်အဖြစ် ဂျူဗင်တပ်စ်နှင့် အေစီမီလန်အသင်း နည်းပြဟောင်း အယ်လီဂရီ ရေပန်းစားနေ

မက်ဒရစ် မတ် ၅

ရီးယဲလ်မက်ဒရစ်အသင်း နည်းပြသစ်အဖြစ် စီးရီးအေထိပ်တန်းနည်းပြတစ်ဦးဖြစ်ခဲ့သည့် ဂျူဗင်တပ်စ်အသင်းနှင့် အေစီမီလန်အသင်းနည်းပြဟောင်း အယ်လီဂရီက ထိပ်ဆုံးမှရေပန်းစားနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် အလွန်ဆိုကို ခန့်အပ်ခဲ့သော်လည်း နောက်ပိုင်းတွင် အသင်းရလဒ်များမတည်မငြိမ်ဖြစ်နေသည့်အပြင် အသင်းမှအဓိကကစားသမားများနှင့်လည်း ဆက်ဆံရေးမပြေလည်မှုများရှိနေသည့်အတွက် နည်းပြအလွန်ဆိုကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယာယီနည်းပြအဖြစ် ကစားသမားဟောင်း အာဘီလိုအာကို ခန့်အပ်ထားသော်လည်း ရာသီအကုန်တွင် နည်းပြသစ်တစ်ဦး ခန့်အပ်မည်ဖြစ်သည့်အတွက် စီးရီးအေပြိုင်ပွဲတွင် ထိပ်တန်းအသင်းကြီးများနှင့် အတွေ့အကြုံကောင်းများစွာရှိသည့် ဝါရင့်နည်းပြ အယ်လီဂရီကို ခန့်အပ်လိုနေခြင်းဖြစ်သည်။

နည်းပြအယ်လီဂရီသည် အီတလီစီးရီးအေပြိုင်ပွဲတွင် အေစီမီလန်အသင်း၊ ဂျူဗင်တပ်စ်အသင်းတို့နှင့်အတူ ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ပြီး ဥရောပအဆင့်ပြိုင်ပွဲများတွင်လည်း အတွေ့အကြုံကောင်းများရှိသည့် နည်းပြတစ်ဦးဖြစ်သည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက ခန့်အပ်လိုနေခြင်းဖြစ်သည်။

နည်းပြအယ်လီဂရီသည် ၂၀၂၅ ခုနှစ် မေလက အေစီမီလန်အသင်းနှင့် လမ်းခွဲပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်ကြောင်း သိရသည်။

***Ref;Top Skills Sports UK***



# ဘာစီလိုနာအသင်း၏ ခံစစ်ကစားသမား ခွန်ဒီ တံကောက်ကြောဒဏ်ရာကြောင့် အနည်းဆုံးတစ်လခန့် အနားယူရဖွယ်ရှိ

ဘာစီလိုနာ မတ် ၅

ဘာစီလိုနာအသင်း အဓိက ခံစစ်ကစားသမား ခွန်ဒီသည် အက်သလက်တီကိုအသင်းနှင့် ကစားသည့် စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင်ရရှိသည့် တံကောက်ကြောဒဏ်ရာကြောင့် အနည်းဆုံးတစ်လခန့် အနားယူရဖွယ်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် ခွန်ဒီသည် ဘာစီလိုနာအသင်းက အက်သလက်တီကိုအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပွဲချိန် ၁၃ မိနစ်၌ တံကောက်ကြောဒဏ်ရာရရှိသည့်အတွက် ဆက်လက်ကစားနိုင်ခြင်းမရှိ၍ လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်အပြီးတွင် ဘာစီလိုနာအသင်းဆေးအဖွဲ့ဝင်များက ခွန်ဒီ၏ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ လုပ်ဆောင်ပြီးနောက် ဒဏ်ရာမှာပြင်းထန်မှုမရှိသော်လည်း ကြွခိုင်မှုပြန်လည်ပြည့်ဝရန် အနည်းဆုံးတစ်လခန့် အနားယူရမည့်အရေးနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းခံစစ်ပိုင်းတွင် ပြီးခဲ့သည့် အက်သလက်တီကိုအသင်းနှင့် ကစားသည့်ပွဲစဉ်တွင် ခွန်ဒီအပြင် နောက်ထပ် အဓိက ခံစစ်ကစားသမားတစ်ဦးဖြစ်သည့်ဘာလိတ်သည်လည်း တံကောက်ကြောဒဏ်ရာရရှိပြီးနောက် အနည်းဆုံးတစ်လခန့်အနားယူရမည့်အရေးနှင့်ရင်ဆိုင်နေရသည့်အတွက် စပိန်လာလီဂါဖလားချန်ပီယံဆုအတွက် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အားပြိုင်နေရသည့် ဘာစီလိုနာအသင်းခံစစ်ပိုင်း၌ လာမည့်ပွဲစဉ်များတွင် အားနည်းချက်များဖြစ်လာဖွယ်ရှိနေသည်။

ခွန်ဒီသည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၄၀ အထိပါဝင်ကစားထားပြီး သုံးဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုလေးကြိမ်ပြုလုပ်ထားပြီး အသင်းခံစစ်ပိုင်း၌ အဓိကခံစစ်ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
“ မှန်သည် မြန်သည် မြဝတီ ”
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၃၉၀၇၇

❖ **လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိ . . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## ရုရှားရေတပ်မှ စစ်ရေယာဉ် ၃ စင်း ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိ



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိလာသည့် ရုရှားရေတပ်ပစိဖိတ်စစ်ရေယာဉ်စုမှ စစ်ရေယာဉ် ၃ စင်းအား ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်း MITT တံတား၌ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

နေပြည်တော် မတ် ၅

ရုရှားရေတပ်ပစိဖိတ်စစ်ရေယာဉ်စုမှ ကော်ဗက်စစ်ရေယာဉ်များဖြစ်သည့် Sovershenyi နှင့် Rezkiy၊ အလတ်စားဆီတင်သင်္ဘော Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ➔**

## ဆေးရုံဖြေစာစစ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

စာ - ၁၅ သို့

## မြန်မာ-အိန္ဒိယ ယူ-၁၇ ဘောလုံးအသင်း ဒုတိယခြေစမ်းပွဲ၌ သရေကျ

ရန်ကုန် မတ် ၅

၂၀၂၆ ခုနှစ် အာရှဖလား ယူ-၁၇ ဘောလုံးပြိုင်ပွဲမတိုင်မီ ဧပြီလတွင် ကျင်းပမည့် အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအမျိုးသား ယူ-၁၇ ဘောလုံးအသင်းနှင့် အိန္ဒိယအမျိုးသား ယူ-၁၇ အသင်းတို့သည် ယနေ့ည ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒုတိယခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိ သရေရလဒ် **စာမျက်နှာ ၂၅ ကော်လံ ၄ ⇨**




## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင်အသုံးပြုဆောင်ရွက်မည့် အစီအစဉ်ကို ပြည်သူသို့အသိပေး ကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအချို့တွင် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များအပါအဝင် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးစက်ပစ္စည်း (ipad, Tablet, Notebook စသည်) များ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity – IMEI Code) ကို ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register– CEIR) ၌ မှတ်ပုံတင်စေ၍ နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း မိုဘိုင်းလက်ကိုင်ဖုန်း (Handset) သုံးစွဲသူပြည်သူများ အနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**စာမျက်နှာ ၂၆ ကော်လံ ၁ ❐**

## စက်သုံးဆီအလုံအလောက်ရှိကြောင်း အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းသည် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အများပြည်သူသို့ စက်သုံးဆီများ တင်သွင်းရောင်းချဖြန့်ဖြူးပေးလျက်ရှိပါသည်။

လတ်တလောဖြစ်ပေါ်နေသော အရှေ့အလယ်ပိုင်းဒေသကိစ္စရပ်များကြောင့် ပြည်ပမှစက်သုံးဆီတင်သွင်းရာတွင် ယာယီကြန့်ကြာမှုအချို့ရှိနိုင်သော်လည်း ပြည်သူလူထု၏ လိုအပ်ချက်များအတိုင်း စဉ်ဆက်မပြတ်ဖြန့်ဖြူးရောင်းချပေးနိုင်ရန် အရန်စက်သုံးဆီများကို လုံလောက်စွာ ကြိုတင်စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် စက်သုံးဆီတင်သင်္ဘောများအဆက်မပြတ်ဝင်ရောက်လာနေသည့်အတွက် မြန်မာနိုင်ငံတွင် စက်သုံးဆီပြတ်လပ်မှု လုံးဝမရှိနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုမရှိကြပါရန်၊ အတတ်နိုင်ဆုံးခြိုးခြံသုံးစွဲခြင်းဖြင့်အားလုံးလုံလောက်စွာသုံးစွဲနိုင်ရေး ကူညီပေးကြပါရန်၊ မိမိသုံးစွဲရန် လိုအပ်သလောက်သာဝယ်ယူကြပါရန်နှင့် စက်သုံးဆီများ အလုံအလောက်ရှိပါသဖြင့် စိုးရိမ်စိတ်ကြောင့် မလိုအပ်ဘဲအချိန်ကုန်ခံ၍ တန်းစီဝယ်ယူခြင်း မပြုကြပါရန်မေတ္တာရပ်ခံအသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း**

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

